# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်၊ တနင်္လာနေ့ အတွဲ (၆၀)၊ အမှတ် (၁၁၇)


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

## မန္တလေး-လားရှိုး-မူဆယ်- နမ့်ခမ်း လမ်းမကြီး လေးလမ်းသွား အဆင့်မြှင့်

ရန်ကုန် ဇန်နဝါရီ ၂၄

မန္တလေး–လားရှိုး–မူဆယ်–နမ့်ခမ်းကားလမ်းသည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့မှ ရှမ်းပြည်နယ် မြောက်ပိုင်းကိုဖြတ်၍ နမ့်ခမ်းမြို့အထိ အရှည်မိုင် ၂၉၀ ရှိပြီး အိုရီယန်တယ်ဟိုက်ဝေးကုမ္ပဏီလီမိတက်က ဘီအိုတီ စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မန္တလေး–လားရှိုး–မူဆယ်–နမ့်ခမ်းကားလမ်း မန္တလေးမြို့မှ နောင်ချိုမြို့အထိ လမ်းအရှည် ၇၁ မိုင်နှင့် လားရှိုး–ကွတ်ခိုင်–မူဆယ်လမ်းအပိုင်းတို့ကို အဆင့်မြှင့်တင်၍ မူလနှစ်လမ်းသွားမှ လေးလမ်းသွားအထိ ဆောင်ရွက်ခဲ့ပြီး ပြင်ဦးလွင်မြို့ရှောင်လမ်းနှင့် လားရှိုးမြို့ရှောင်လမ်းတို့ကိုလည်း လမ်းသစ်များအဖြစ် အဆိုပါကုမ္ပဏီကပင် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❏



## ကိုဗစ်–၁၉ ကာလအတွင်း ကော့သောင်းမြို့မှ ထိုင်းနိုင်ငံသို့ မွေးမြူရေးပုစွန်များ တင်ပို့ရောင်းချလျက်ရှိ



ကော့သောင်း ဇန်နဝါရီ ၂၄

ကိုဗစ်–၁၉ ထိန်းချုပ်ရေးကာလအတွင်း ကော့သောင်းမြို့ သူဌေးကျွန်းပေါ်ရှိ ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့် မွေးမြူရေး ပုစွန်များကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ယနေ့တွင် ကော့သောင်းခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ကော့သောင်းမြို့ သူဌေးကျွန်းပေါ်ရှိ Grand Andaman Co.Ltd. ၏ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းသည် ကျွန်းပေါ်ရှိ မြေဧရိယာ ၁၂၄ ဧကကျော်ကို ခေတ်မီနည်းစနစ်ဖြင့် ရေငန်ပုစွန်ဖြူများ မွေးမြူထားရှိပြီး တစ်ခုတည်းသော ခေတ်မီသိပ္ပံနည်းကျ မွေးမြူသော ပုစွန်ကန်တစ်ခုဖြစ်ကာ လုပ်သားအင်အား ၁၀၀ ခန့်နှင့် မှီခိုမိသားစုများအပါအဝင် အလုပ်သမား ၄၀၀ ကျော်အတွက် အလုပ်အကိုင်

*စာမျက်နှာ ၅ ကော်လံ ၁* ✪

### ပြာသိုလ၏ မြင်းခင်းသဘင်ပွဲတော်

*ဆောင်းပါး* စာ ➤ ၆

### နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ ဒေသအကျိုး ဘက်စုံထောင့်စုံ ဆောင်ရွက်ကြမည့် တတိယအကြိမ် လွှတ်တော်ကိုယ်စားလှယ်များ၏ ရည်မှန်းချက်များ

*တွေ့ဆုံမေးမြန်း* စာ ➤ ၇


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကိုဗစ်နှင့် စီးပွားရေးရာ

ကိုဗစ်ကပ်ရောဂါ ကမ္ဘာလောကထဲ ဝင်ရောက်လာသည့်အချိန်မှစ၍ ကျန်းမာရေးပြဿနာ၊ စီးပွားရေးပြဿနာ၊ လူမှုရေးပြဿနာ စသည့် အထွေထွေပြဿနာများနှင့် တစ်ပြိုင်နက်တည်းလိုလို နဖူးတွေ့ ဒူးတွေ့ ကြုံကြရတော့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေး အကျပ်အတည်းပြဿနာတွင် လူတစ်ဦးချင်း၏ ဆင်းရဲနွမ်းပါးမှု၊ ဆင်းရဲချမ်းသာ ကွာဟမှုကြီးမားလွန်းနေခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်း အကျပ်အတည်းတို့က ထင်သာမြင်သာရှိသော ထိပ်တန်းပြဿနာများဟု ဆိုရပါမည်။

သာမန်ပြည်သူလူထုကြားတွင် သိသိသာသာမဖြစ်သော်လည်း စီးပွားရေးအကျပ်အတည်းကို ဖိအားပေးနေသည့်ပြဿနာတစ်ခုမှာ ငွေကြေးစီးဆင်းမှု ဖြစ်ပါသည်။ ကိုဗစ်ရောဂါကြောင့် လုပ်ငန်းအများစု ရပ်ဆိုင်းသွားသည့်အခါ ပြည်သူအများစု၏ ဝင်ငွေရပ်ဆိုင်းသွားမည် ဖြစ်ပါသည်။

ထို့ကြောင့် သာမန်ပြည်သူတို့ ဝင်ငွေရပ်သွားသည်နှင့် တစ်ပြိုင်နက် ပြင်ပနယ်ပယ်တွင်းက ငွေကြေးစီးဆင်းလည်ပတ်မှုအစဉ်တွင်လည်း လျော့ကျသွားမည် ဖြစ်ပေသည်။ ငွေလည်ပတ်မှုလျော့ကျလာခြင်းသည် စီးပွားရေးအကျပ်အတည်း ပြဿနာနှင့် ဆက်စပ်နေပါသည်။ စီးပွားရေးအကျပ်အတည်းကို ဖြေရှင်းသည့်အခါတွင် ပြည်တွင်းဈေးကွက်အတွင်း ငွေလည်ပတ်မှုကို မဖြစ်မနေ ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ ထို့အတွက် ပြည်သူလူထုအတွင်း ငွေကြေးသုံးစွဲနိုင်မည့် အင်အားကို တိုးမြှင့်ပေးခြင်းကလည်း ထိရောက်သော ဖြေရှင်းမှုတစ်ခုဖြစ်မည်ဟု ယူဆပါသည်။

ကိုဗစ်ကာလအတွင်း လိုအပ်မည်ဟု သတ်မှတ်သူများကို နိုင်ငံတော်အစိုးရက ငွေကြေးထောက်ပံ့ပေးခြင်းမျိုးကလည်း ပြည်တွင်း ငွေကြေးလည်ပတ်မှု ချောမွေ့စေရေးအတွက် အထောက်အကူကောင်းများ ဖြစ်ခဲ့သည်ဟု မြင်ပါသည်။

ကာကွယ်ဆေးများကို မကြာမီစတင်ထိုးနှံတော့မည်ဟု ဆိုသော်လည်း တစ်နိုင်ငံလုံးအနေဖြင့် စိတ်ချလုံခြုံနိုင်မည့် အနေအထားသို့ ချက်ချင်းရောက်လာမည် မဟုတ်သေးပါ။ ကိုဗစ်ရောဂါ၏ ကူးစက်မှုအန္တရာယ်က ဆက်လက်ရှိနေဦးမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် စိစစ်သုံးသပ်ရမည်မှာ အများပြည်သူတို့၏ လုပ်ငန်းကိုင်ငန်းများ မည်သို့ ပြန်လည်စတင်လည်ပတ် လုပ်ကိုင်နိုင်မည်ဆိုခြင်းဖြစ်ပါသည်။ ထိုလုပ်ငန်းများကို မည်သို့စနစ်တကျဖြစ်အောင် စီမံနိုင်မည်ဆိုခြင်းက အရေးပါပါသည်။

ပြည်သူတစ်ဦးချင်းကလည်း အခြေခံကျန်းမာရေးစည်းမျဉ်းများကို လိုက်နာကြရင်း သတ်မှတ်ပြဋ္ဌာန်းသည့် အစီအစဉ်များအတိုင်း လုပ်ငန်းများကို ပြန်လည်လုပ်ကိုင်လာနိုင်ကြမည်ဆိုလျှင် ပြည်သူတို့၏ စားဝတ်နေရေးပြဿနာကို အတော်အသင့် ပြေလည်စေမည်ဖြစ်ပြီး နိုင်ငံ၏စီးပွားရေး အကျပ်အတည်းကိုလည်း တစ်ဖက်တစ်လမ်းက ဖြေရှင်းရာရောက်မည်ဟု မျှော်လင့်ရပါကြောင်း။ ။

## စာပေမြင့်မှ လူမျိုးတင့်မည်

## ၂၀၂၂ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ “(၂၁) ရာစုပင်လုံ” မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။

## ချစ်ထုံးမပြယ် နှစ်သုံးဆယ်

* ပြည်သူတွေ စာပေချစ်အောင်လို့
ခေတ်အဆက်ဆက် ကြိုးပမ်းသည်။
ပြန်ကြားရေး ဝန်ကြီးဌာန
ချမှတ် ဦးတည်။
“ပြည်သူ့ဆက်ဆံရေး” ထိုအမည်
ထွန်းလင်းသည် ရင်မှာစွဲ။
ချစ်ထုံးမပြယ်ဘဲ
နှစ်သုံးဆယ် ခရီးရောက်အောင်
လျှောက်ခဲ့ပြီပဲ။

* နှစ်သုံးဆယ်ခရီးတစ်လျှောက်
ပြီးမြောက်ခဲ့ များဝန်တာ။
စာကြည့်တိုက်တွေ ပြည်သူ့အကျိုးတွက်
တိုးချဲ့ခဲ့ပါ။
စာဖတ်ဝိုင်း အဖြာဖြာ
ကဗျာရွတ်ပွဲ အသီးသီး။
ကလေးစာပေလည်း
ဖွံ့ဖြိုးစေ ပွဲတော်ခင်းပါလို့
ပြေတစ်ခွင် ရွှေစင်ဝင်းအောင်
ကျင်းပခဲ့သတည်း။

* ကျေးလက်နေပြည်သူအများတို့
စာဖတ်အား ကောင်းပါစေ။
ဒို့ကျေးရွာဂျာနယ်ဖြင့်
အားမြှင့်ခဲ့ပေ။
ဗဟုသုတ အထွေထွေ
စုံပါပေ ရသာ။
ပြည်သူကို အစဉ်မြတ်နိုးလို့
ပြည်သူ့အကျိုး စီမံလျက်
ပြန်ဆက်ဌာန။


* ရက်မြတ်မွန် နေ့အထူးတွေလည်း
မမေ့ဘူး အစဉ်သာ။
ဓာတ်ပုံစာပေနှင့်
အထွေထွေ ပြိုင်ပွဲဖြင့်
ချီးမြှင့်လျက်ပါ။
အသိမွန် အစွမ်းတွေနှင့်
ပြည့်ဝန်ထမ်း ပီသစွာ
ကျေးရွာမြို့ပြ မကျန်စေရ။
ကဗျာတွေ ပန်းအသွင်နဲ့
စာပေရေချမ်းစင် မေ့မသွားတဲ့ပြင်
ရွှေ့လျားစာကြည့်တိုက်
နှစ်ခြိုက်ဖွယ်ပါ။

* သြော်… ပြည်သူတွေ စာပေချစ်အောင်လို့
ခေတ်အဆက်ဆက် ကြိုးပမ်းသည်။
ပြန်ကြားရေးဝန်ကြီးဌာန
ချမှတ်ဦးတည်။
“ပြည်သူ့ဆက်ဆံရေး” ထိုအမည်
ထွန်းလင်းသည် ရင်မှာစွဲ။
ချစ်ထုံးမပြယ်ဘဲ
နှစ်သုံးဆယ် ခရီးရောက်တဲ့ပြင်
ဆက်လျှောက်မယ် အောင်လံထူလို့
ပြည်သူကို အကျိုးပြုဖို့
ရှေးရှုလျက်ပဲ။ ။

မြင်းမူမောင်နိုင်မိုး

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မြန်မာနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ ဝန်ဆောင်မှုအသင်း နှစ်ပတ်လည်အစည်းအဝေးသို့ Video Message ပေးပို့




**နေပြည်တော် ဇန်နဝါရီ ၂၄**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ဆောင်မှုအသင်း (Myanmar Oil and Gas Services Society MOGSS) က ကြီးမှူး၍ Online ဖြင့် ကျင်းပသော နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ Video Message ပေးပို့အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ကိုဗစ်ကပ်ရောဂါဖြစ်ပွားမှုကြောင့် အနာဂတ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ကြိုတင်ခန့်မှန်း၍ မရနိုင်သော အပြောင်းအလဲများ ရှိလာမည်ဖြစ်ပြီး နည်းပညာသစ်များ၏ပြိုင်ဆိုင်မှု၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများကိုလည်း ကြုံတွေ့လာရမည်ဖြစ်ပါကြောင်း၊ New Normal အခြေအနေအတွက် လိုက်လျောညီထွေမှုရှိစေမည့် အစီအစဉ်များကို မိမိတို့ကိုယ်တိုင် ပြင်ဆင်ကြရမည်ဖြစ်ပါကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် အနာဂတ်တွင် အရေးပါသောအခန်းကဏ္ဍအဖြစ် ဆက်လက်တည်ရှိနေနိုင်ပြီး ဈေးကွက်သည် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေမည်ဟု ယုံကြည်ပါကြောင်း။

### သဘာဝဓာတ်ငွေ့နှင့် LNG တို့သည် အဓိကအခန်းကဏ္ဍပါဝင်လာ

၂၀၂၁-၂၀၂၂ ခုနှစ်တွင် ရေနံစိမ်းဈေးနှုန်း တဖြည်းဖြည်း ပြန်လည်မြင့်တက်လာနိုင်ပြီး ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအား၊ ရောင်းလိုအားနှင့် ရေနံဈေးနှုန်း အပြောင်းအလဲသည် မိမိတို့၏ ကမ်းလွန်လစ်လပ်လုပ်ကွက်စီမံကိန်းများ နိုင်ငံတကာ တင်ဒါခေါ်ဆိုနိုင်မှု အချိန်ကာလအပေါ် အကျိုးသက်ရောက်မှု ရှိလာမည်ဖြစ်ပါကြောင်း၊ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ဓာတ်ငွေ့ဈေးနှုန်းသည် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိနှင့် Downstream Refining Sector တွင် ထုတ်ကုန်ဈေးနှုန်းများသည် ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းစေခဲ့ပါကြောင်း၊ ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကြောင့် စွမ်းအင်အသုံးပြုမှု ပုံစံပြောင်းလဲလာပြီး New Energy Mix တွင် ပြန်ပြည့်မြဲစွမ်းအင်ကို ပိုမိုသုံးစွဲလာခြင်းကြောင့် သဘာဝဓာတ်ငွေ့နှင့် LNG တို့သည် အဓိကအခန်းကဏ္ဍအဖြစ် ပါဝင်လာပါကြောင်း၊ မြန်မာနိုင်ငံတွင် လက်ရှိစုစုပေါင်း တပ်ဆင်အင်အား ၈၁၁၈ မဂ္ဂါဝပ်ရှိပြီး Energy Mix တွင်လည်း ရေအားမှ ၄၀ ရာခိုင်နှုန်းခန့်၊ နေရောင်ခြည်စွမ်းအင် ၁၄ ရာခိုင်နှုန်းခန့်၊ ပြည်တွင်းထုတ် သဘာဝဓာတ်ငွေ့မှ ၃၄ ရာခိုင်နှုန်းခန့်နှင့် LNG မှ ၁၁ ရာခိုင်နှုန်းခန့် ဖြစ်သဖြင့် ပြန်ပြည့်မြဲစွမ်းအင်အသုံးပြုမှု ၅၄ ရာခိုင်နှုန်းခန့်နှင့် သန့်ရှင်းသော စွမ်းအင်အသုံးပြုမှု ၄၅ ရာခိုင်နှုန်းခန့်ရှိပါကြောင်း။

MOGSS အနေဖြင့် အနာဂတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ အခက်အခဲများနှင့် စိန်ခေါ်မှုများအတွက် လိုက်လျောညီထွေမှုရှိအောင် ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍသည် ရင်းနှီးမြှုပ်နှံမှုတွင် ဆွဲဆောင်မှုရှိသောကဏ္ဍများ ဖြစ်ပါကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များ၌ တွင်းသစ်တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ အဓိက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြစ်သည့် A-6, A-3, M-9 နှင့် M-3 ကမ်းလွန်စီမံကိန်းများသည် ရေနံဝန်ဆောင်မှုလုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလျက်ရှိပါကြောင်း၊ နောင်တွင် ကုန်းတွင်းနှင့် ကမ်းလွန်ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းသစ်များသည် အကောင်အထည်ဖော်လာမည်ဖြစ်ပြီး လုပ်ငန်းအခွင့်အလမ်းများလည်း ပိုမိုပွင့်လင်းလာမည် ဖြစ်ပါကြောင်း။

MOGSS အနေဖြင့် လက်ရှိလုပ်ငန်းများအပြင် Future Energy Transition အရ လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရေးအတွက်လည်း လေ့လာဆန်းစစ်သင့်ပါကြောင်း၊ အထူးသဖြင့် LNG to Power Projects များအတွက် လိုအပ်သော Terminal များ၊ ဆက်စပ်စက်ရုံများ၊ ပိုက်လိုင်းများနှင့် တည်ဆောက်ခြင်း၊ သိုလှောင်ကန်တပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ရရှိရေး လုပ်ငန်းများဖြစ်သည့် ပုဂ္ဂလိက ရေနံလက်ယက်တွင်းလုပ်ငန်း၊ အသေးစား ရေနံချက်စက်ရုံများ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ၎င်းတို့နှင့် ဆက်စပ်သည့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများတွင်လည်း ဝန်ဆောင်မှုအခွင့်အလမ်းများ ရရှိနိုင်ပါကြောင်း။

### ပြည်တွင်းဝန်ဆောင်မှုလုပ်ငန်းအဖြစ် ရပ်တည်နိုင်ရေး

ထို့အပြင် သယ်ယူပို့ဆောင်ရေးနှင့် ချက်ပြုတ်ခြင်းကဏ္ဍအတွက် အထောက်အကူပြု LPG လုပ်ငန်းများလည်း အခြားလုပ်ငန်း အခွင့်အလမ်းများ ရရှိနိုင်ပါကြောင်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်း သယ်ယူပို့ဆောင်ဖြန့်ဖြူးခြင်းအတွက် ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနကို Regulatory Body အဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းထားပြီး ၎င်းဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာ Website တွင် လေ့လာနိုင်ပါကြောင်း၊ MOGSS အနေဖြင့် အဖွဲ့ဝင်များ တိုးမြှင့်ခန့်အပ်ခြင်း၊ လိုအပ်သောငွေကြေးအတွက် ဘဏ်များနှင့် ချိတ်ဆက်လုပ်ကိုင်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာသင်တန်းများပို့ချခြင်း၊ Online Conferences နှင့် ပြပွဲအခမ်းအနားများ ပြုလုပ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားရန်နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ဆောင်မှုလုပ်ငန်းများတွင် အတွေ့အကြုံနှင့် ပညာရပ်များကို အခြေခံကာ ပိုမိုကောင်းမွန်သော၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ပြည်တွင်းဝန်ဆောင်မှု လုပ်ငန်းအဖြစ် ရပ်တည်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (စွမ်းအင်ကဏ္ဍ) ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနအကြီးအကဲများ၊ MOGSS မှ နာယက ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် အသင်းဝင်များနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ဝန်ဆောင်မှုကုမ္ပဏီများမှ ကိုယ်စားလှယ်များက Online မှ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ပြည်တွင်းအသက်အာမခံကုမ္ပဏီတစ်ခုနှင့် အထွေထွေအာမခံကုမ္ပဏီတစ်ခု လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထပ်မံခွင့်ပြုမည်ဖြစ်၍ နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စိတ်ဝင်စားမှုအဆိုပြုလွှာ (EoI) ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
ကြေညာချက်အမှတ် ( ၁ / ၂၀၂၁ )
၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

ပြည်တွင်းအသက်အာမခံကုမ္ပဏီတစ်ခုနှင့် အထွေထွေအာမခံကုမ္ပဏီတစ်ခု လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထပ်မံခွင့်ပြုမည်ဖြစ်၍ နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စိတ်ဝင်စားမှုအဆိုပြုလွှာ (EoI) ခေါ်ယူခြင်း

၁။ နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ၂၀၁၃ ခုနှစ်တွင် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခဲ့သည့် နိုင်ငံသားပိုင်ကုမ္ပဏီ (၁၂) ခုတို့အနက် (၁၁) ခုအား အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးခဲ့ပါသည်။ ယင်းကုမ္ပဏီများအနက် ကုမ္ပဏီတစ်ခုသည် အသက်အာမခံလုပ်ငန်းနှင့် အထွေထွေအာမခံလုပ်ငန်း နှစ်မျိုးလုံး လုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုရန် လိုအပ်သည့် စံသတ်မှတ်ချက်များအား ပြည့်ဝစွာ ဆောင်ရွက်နိုင်မှု မရှိ၍ လိုင်စင်ခွင့်ပြုခြင်း မရှိခဲ့ပါ။

၂။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုရန် ကျန်ရှိသည့် နိုင်ငံသားပိုင် အသက်အာမခံကုမ္ပဏီ (၁) ခုနှင့် နိုင်ငံသားပိုင် အထွေထွေအာမခံကုမ္ပဏီ (၁) ခုအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထပ်မံခွင့်ပြုမည် ဖြစ်ပါသည်။

၃။ သို့ပါ၍ စိတ်ဝင်စားမှုရှိသည့် နိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များသည် စိတ်ဝင်စားမှုအဆိုပြုလွှာ (EoI) ပုံစံကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ Web-page www.frd.gov.mm တွင် Download ရယူ၍ (၂၆-၂-၂၀၂၁) ရက်နေ့ နောက်ဆုံးထားပြီး အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရုံး (၃၄) သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

**အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့**

❑ *ရှေ့ဖုံးမှ*

မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်း လမ်းမကြီးသည် အာရှလမ်းမကြီး အမှတ်(၁၄) နှင့် ပြည်ထောင်စုလမ်းမကြီးတို့ဖြစ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်မှ ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့ကို ဆက်လက်သွားရောက်နိုင်သည့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့နှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် အဓိက အရေးပါသော လမ်းမကြီးတစ်လမ်းလည်း ဖြစ်သည်။ **ခရမ်းစိုးမြင့်**

**ဓာတ်ပုံ-Mon State Travel & Tours**

**ထူးခြားသည့် ည အပူချိန်များ**

နေပြည်တော် ဇန်နဝါရီ ၂၄

ဟားခါးမြို့တွင် ဝ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့၊ လွိုင်လင်မြို့နှင့် မင်းတပ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် တီးတိန်မြို့၊ ရမ်ကလောင်းနှင့် ပြင်ဦးလွင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# စာပေအနုပညာမူပိုင်ခွင့်နှင့် CMO များအကြောင်း သိကောင်းစရာ အသိပညာပေး အွန်လိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖြစ်မြောက်ရေးကော်မတီက စီစဉ်ကျင်းပသည့် စာပေအနုပညာမူပိုင်ခွင့်နှင့် CMO များအကြောင်း သိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲ အပိုင်း(၄) (Copyright and CMOs: Episode 4) ကို ယနေ့ည ၇ နာရီတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအေးကြွယ်နှင့် ဌာနဆိုင်ရာများ၊ စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စိတ်ပါဝင်စားသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဆရာချစ်ဦးညိုက ၂၀၁၉ ခုနှစ် မေ ၂၄ ရက် အတည်ပြုပြဋ္ဌာန်းခဲ့သည့် စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေ၏ ပုဒ်မ-၂ အကြောင်းကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပြီး ဥပဒေစတင်အာဏာတည်ပြီးနောက်ပိုင်း CMO ပေါ်ပေါက်လာရန်အတွက် ကောင်းမွန်သည့် စီမံခန့်ခွဲမှုများ ကြိုတင်ဆောင်ရွက်နိုင်ရန်၊ စာပေမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်တားဆီးနိုင်ရန်၊ စာပေအနုပညာရပ်များ ပြန့်ပွားရေးကို စနစ်တကျ ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုများကို CMO ဖြစ်မြောက်ရေးကော်မတီက ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ထို့နောက် မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်းက စာပေနှင့် အနုပညာမူပိုင်ခွင့် (သို့မဟုတ်) ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း (Collective Management Organization) အခြေခံဆိုင်ရာ အချက်များ ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် CMO များ ဖွဲ့စည်းဆောင်ရွက်ရခြင်းအကြောင်း၊ CMO များ၏ လုပ်ငန်းတာဝန်များ၊ စံနှုန်းများအကြောင်းနှင့် CMO များ ဖွဲ့စည်းတည်ထောင်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ အကြောင်းတို့ကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ စာပေအနုပညာမူပိုင်ခွင့်နှင့် CMO များ အကြောင်း သိကောင်းစရာ စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖြစ်မြောက်ရေး ကော်မတီ အဖွဲ့ဝင် ဦးမျိုးအောင်(ထုတ်ဝေသူ)က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးအောင်စိုးဦး(ဥပဒေပညာရှင်)၊ ဒေါ်ဆွေဇင်ထိုက် (မူပိုင်ခွင့်ကျွမ်းကျင်သူ) နှင့် မောင်မောင်ဖောင်တိန် (ကာတွန်းပညာရှင်) တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အွန်လိုင်းမှချိတ်ဆက်တက်ရောက်လာသူများက ၎င်းတို့ သိရှိလိုသော မေးခွန်းများကို မေးမြန်းကြရာ စကားဝိုင်းဆွေးနွေးပွဲ ဟောပြောဆွေးနွေးသူများက ပြန်လည်ဖြေကြားကြကြောင်း သိရသည်။

သတင်းစဉ်

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဇန်နဝါရီ ၂၄

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ယနေ့ တိမ်အတင့်အသင့်ဖြစ်ထွန်းမည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ယနေ့အများအားဖြင့် သာယာမည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

မိုး/ဇလ

## မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ မူဟာမက် အမ်ဂျက်အဇစ် ကာဇီ အား ခန့်အပ်ရန် သဘောတူ

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ ခါလစ် ဟူစိန် မန်မွန်နေရာတွင် မစ္စတာ မူဟာမက် အမ်ဂျက်အဇစ် ကာဇီ အား ခန့်အပ်ရန်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ မူဟာမက် အမ်ဂျက် အဇစ် ကာဇီကို ၁၉၆၉ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် သိပ္ပံဘွဲ့ (လျှပ်စစ်အင်ဂျင်နီယာ) ကို ရရှိထားသည်။ ၂၀၀၁ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ဝန်ကြီးဌာနတွင် အရာထမ်းအဖြစ် လည်းကောင်း၊ ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ သံတမန်ရေးရာဌာန၊ ဒုတိယအကြီးအကဲအဖြစ်လည်းကောင်း ရာထူးအဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ကိုပင်ဟေဂင်မြို့ရှိ ပါကစ္စတန်သံရုံး၌ လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဘရပ်ဆဲလ်မြို့ရှိ ပါကစ္စတန်သံရုံး၌လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ပရီတိုးရီးယားမြို့ရှိ ပါကစ္စတန်သံရုံး၌လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လမှစ၍ ပါရီမြို့ရှိ ပါကစ္စတန်သံရုံးတွင် သံအမတ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦး ဖြစ်သည်။

သတင်းစဉ်

# COVID-19 ကပ်ရောဂါကြောင့် အသွားအလာကန့်သတ်ခံနေရသည့် ထိုင်းနိုင်ငံ စမွတ်စခွန်ရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား မြန်မာအစိုးရက စားနပ်ရိက္ခာများထောက်ပံ့

နေပြည်တော် ဇန်နဝါရီ ၂၄

လတ်တလော COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် ထိုင်းနိုင်ငံ စမွတ်စခွန်ခရိုင် ငါး၊ ပုစွန်ဈေးဧရိယာတွင် အသွားအလာကန့်သတ်ခံနေရသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား မြန်မာအစိုးရမှ ထောက်ပံ့သည့် စားနပ်ရိက္ခာများကို ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း ဦးဆောင်သည့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့သည်။

သံအမတ်ကြီး ဦးမျိုးမြင့်သန်း ဦးဆောင်သည့် သံရုံး၊ စစ်သံရုံး၊ အလုပ်သမားသံအရာရှိရုံးတို့မှ တာဝန်ရှိသူများက စမွတ်စခွန်ခရိုင် တလာကပုစွန်ဈေးအနီး အသွားအလာကန့်သတ်ခံနေရသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား အိမ်ခန်း ၁၃၅၀ ခန့်အတွက် ဆန် ၅ ကီလိုဝင်အိတ် ၁၃၅၀၊ ဆီ တစ်လီတာဘူး ၁၃၅၀၊ ပဲ ၅၀၀ ဂရမ်ပါ အိတ် ၁၃၅၀၊ ကြက်ဥ ၁၅ လုံးပါကတ် ၁၃၅၀၊ စည်သွပ်ဘူး ၁၀ ဘူးပါကတ် ၁၃၅၀၊ သောက်ရေသန့် ခြောက်လီတာပါဘူး ၆၄၅၀ တို့အား ယမန်နေ့က သွားရောက်လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့အတူ မြန်မာသံရုံး ဒုတိယအကြီးအကဲ သံအမတ် ဦးစန်းဦးမောင် ဦးဆောင်သည့် သံရုံး၊ အလုပ်သမားသံအရာရှိရုံး၊ အချက်အလက်ကောက်ယူရေးဌာနခွဲ(မဟာချိုင်)မှ တာဝန်ရှိသူများက စမွတ်စခွန်ခရိုင် တလေထိုင်းငါးဈေးအနီး မြန်မာရွှေ့ပြောင်းအလုပ်သမား အိမ်ခန်း ၃၆၀ အတွက် ဆန် ၅ ကီလိုဝင်အိတ် ၃၆၀၊ ဆီ တစ်လီတာဘူး ၃၆၀၊ ပဲ ၅၀၀ ဂရမ်ပါ အိတ် ၃၆၀၊ ကြက်ဥ ၁၅ လုံးပါကတ် ၃၆၀၊ စည်သွတ်ဘူး ၁၀ ဘူးပါ ကတ် ၃၆၀၊ သောက်ရေ



COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် ထိုင်းနိုင်ငံ စမွတ်စခွန်ခရိုင် ငါးပုစွန်ဈေးဧရိယာတွင် အသွားအလာကန့်သတ်ခံနေရသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများအတွက် မြန်မာအစိုးရက ထောက်ပံ့သည့် စားနပ်ရိက္ခာများကို တွေ့ရစဉ်။



မြန်မာရွှေ့ပြောင်း အလုပ်သမားများအတွက် မြန်မာအစိုးရက ထောက်ပံ့သည့် စားနပ်ရိက္ခာများကို ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း ဦးဆောင်သည့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်စဉ်။

သန့် ခြောက်လီတာပါဘူး ၂၅၂၀ တို့အား ယမန်နေ့က သွားရောက်လွှဲပြောင်းပေးအပ်ခဲ့သည်။

မြန်မာအလုပ်သမားများ အသွားအလာကန့်သတ်ခံရသည့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၉ ရက်မှ စတင်၍ မြန်မာသံရုံး ဗန်ကောက်မြို့နှင့် အလုပ်သမားသံအရာရှိရုံးတို့သည် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် အမြဲမပြတ်ဆက်သွယ်လျက် လိုအပ်သည့် ကူညီထောက်ပံ့ပေးမှုများကို အချိန်နှင့်တစ်ပြေးညီရရှိရေး ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် အဆိုပါဒေသတွင် လတ်တလော COVID-19 ရောဂါကူးစက်ပြန့်ပွားနေမှုဖြစ်စဉ်နှင့် ဆက်စပ်လျက်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ (ရောဂါကူးစက်ခံနေရသူများ၊ အသွားအလာကန့်သတ်ခံနေရသူများ) အနေဖြင့် ကျန်းမာရေး၊ နေထိုင်စားသောက်ရေးအပါအဝင် ရုပ်ပိုင်းဆိုင်ရာအားဖြင့်သော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအားဖြင့်သော်လည်းကောင်း၊ ထိခိုက်ခံစားရမှုများ မရှိစေရန်အတွက် ကာကွယ်စောင့်ရှောက်မှုပေးရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြန်မာအစိုးရအနေဖြင့် ၎င်းတို့ အသွားအလာကန့်သတ်ခံနေရစဉ်အတွင်း နေထိုင်စားသောက်ရေး အဆင်ပြေစေရန် ရေးရှုလျက် ယခုကဲ့သို့စားနပ်ရိက္ခာများ ထောက်ပံ့ကူညီပေးခြင်းဖြစ်ပြီး ဆက်လက်၍လည်း မြန်မာသံရုံးအနေဖြင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန စမွတ်စခွန်ခရိုင်ရှိ တာဝန်ရှိသူများနှင့်ဆက်သွယ်လျက် ၎င်းတို့ထံ သွားရောက်တွေ့ဆုံအားပေးပြီး ဆက်လက်ကူညီဆောင်ရွက်ပေးသွားရန် ညွှန်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

# တတိယအကြိမ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးများသို့ တက်ရောက်ရန် မဲဆန္ဒနယ်အသီးသီးမှ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၄

**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ကျင်းပမည့် တတိယအကြိမ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးများ တက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်မဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နေပြည်တော်သတ်မှတ်နေရာများတွင် ဖွင့်လှစ်ထားသည့် သတင်းပို့လက်ခံဌာနများသို့ လာရောက်သတင်းပို့လျက်ရှိကြောင်း သိရသည်။**

နေပြည်တော်သို့ ရောက်ရှိလာကြသည့် လွှတ်တော်ကိုယ်စားလှယ်များကို ပထမဦးစွာ ဥတ္တရသီရိဟိုတယ်၌ ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ Swab Test ရယူစစ်ဆေးပြီး ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်ရရှိမှသာ သက်ဆိုင်ရာသတင်းပို့ လက်ခံဌာနများက လက်ခံဆောင်ရွက်မှုပြုလုပ်ပေးကြောင်း သိရသည်။

**သတင်းပို့လက်ခံခြင်းလုပ်ငန်းများ ဆောင်ရွက်**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတင်းပို့လက်ခံဌာနများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာတွင် တည်းခိုနေထိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် နေပြည်တော်စည်ပင်ဧည့်ရိပ်သာတွင် လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်တွင် တည်းခိုနေထိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် အဆိုပါဌာနချုပ်ရိပ်သာတွင် လည်းကောင်း၊ မိမိအစီအစဉ်ဖြင့် တည်းခိုနေထိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်သူ့ လွှတ်တော်ရေးရာဆောင် အမှတ် ၁၂ တွင်လည်းကောင်း၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအတွက် အမှတ်(၃)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရွာတော်)တွင် လည်းကောင်း ဖွင့်လှစ်ပေးထားပြီး ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက သတင်းပို့ လက်ခံခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ဆက်လက်ဖွင့်လှစ် ဆောင်ရွက်ပေးသွားမည်**

ဇန်နဝါရီ ၂၃ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၀၀ ကျော် သတင်းပို့လက်ခံဌာနများသို့ လာရောက်သတင်းပို့ခဲ့ကြပြီး ယနေ့တွင်လည်း ကျန်ရှိနေသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်သတင်းပို့လျက်ရှိကြောင်း သိရသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဇန်နဝါရီ ၂၃ ရက်နှင့် ၂၄ ရက် တို့တွင် သတင်းပို့လက်ခံဌာနများသို့ လာရောက်သတင်းပို့ကြရန် ကြေညာထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လာရောက်သတင်းပေးပို့နိုင်ခြင်းမရှိသေးသည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် သတင်းပို့လက်ခံဌာနများကို ဆက်လက်ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဗစ်-၁၉ ရောဂါရှိ မရှိ ဆေးစစ်**

"ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေအနေနဲ့ သတင်းပို့နိုင်ဖို့အတွက် နေပြည်တော် စည်ပင်ဧည့်ရိပ်သာကို ဇန်နဝါရီ ၂၁ ရက်၊ ၂၂ ရက်မှာ ကြိုရောက်ကြပါတယ်။ ကျွန်တော်တို့ သတင်းပို့လက်ခံဌာနတွေမှာ တရားဝင်သတင်းပို့တာကတော့ မနေ့ကနဲ့ ဒီနေ့ နှစ်ရက်ဖြစ်ပါတယ်။ အရင်က လွှတ်တော်ကိုယ်စားလှယ်တွေကို စည်ပင်ဧည့်ရိပ်သာမှာပဲ သတင်းပို့ပြီး ဇန်နဝါရီ ၂၅၊ ၂၆ ရက်တွေမှာ ဆေးစစ်ဖို့ဆောင်ရွက်ထားပေမယ့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်နဲ့အညီ နေပြည်တော်ရောက်ရောက်ချင်း ဆေးစစ်ပြီး Negative ဖြစ်မှသာ တည်းခိုရာနေရာတွေမှာ လက်ခံသွားဖို့ ညွှန်ကြားထားပါတယ်။ နေပြည်တော်ပြင်ပက လွှတ်တော်ကိုယ်စားလှယ်အားလုံးအနေနဲ့ ဘယ်ဒေသက လာခဲ့တာပဲဖြစ်ဖြစ် ဥတ္တရသီရိဟိုတယ်ကိုသွားပြီး သတင်းပို့ရပါတယ်။ အဲဒီမှာ ကိုဗစ်-၁၉ ရောဂါရှိ မရှိ ဆေးစစ်ပါတယ်။ ဆေးစစ်ပြီး ရောဂါကင်းစင်မှသာ တည်းခိုရာနေရာတွေကို လာရောက်ကြပါတယ်။

"နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာ နေထိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ အပါအဝင် အားလုံးကို ဇန်နဝါရီ ၂၈၊ ၂၉ ရက်တွေမှာ ထပ်မံဆေးစစ်ရမှာပါ။ အခုစစ်တဲ့ အထဲမှာတော့ နေပြည်တော်အတွင်းမှာ နေထိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ မပါပါဘူး။ မနေ့က လာရောက်စာရင်းသွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေကတော့ စည်ပင်ဧည့်ရိပ်သာမှာ ၈၆ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်မှာ ၁၃ ဦး၊ လွှတ်တော်ဝင်းအတွင်း I-12 မှာ သုံးဦး အားလုံးပေါင်း ၁၀၂ ဦးရှိပါပြီ။ ဒီနေ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးရောက်ဖို့ လျာထားပေမယ့် ဆေးစစ်ချက်တွေအပေါ် မူတည်ပြီး အားလုံးရောက်ချင်မှလည်း ရောက်မှာပါ။ အားလုံးမရောက်သေးဘူးဆိုရင်လည်း လူကြီးတွေကိုတင်ပြပြီး ကျွန်တော်တို့ ဆက်လက်လက်ခံပေးသွားမှာပါ" ဟု ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးညွှန့်လင်းက ပြောသည်။



ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးညွှန့်လင်း။



လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့လက်ခံဌာနများသို့ လာရောက်သတင်းပို့မှုကို တွေ့ရစဉ်။

သတင်းပေးပို့ကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးသည့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလွှာနှင့် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကတ်ပြားများကို ပြည်သူ့လွှတ်တော်ရုံးဝန်ထမ်းများက စနစ်တကျ စာရင်းရေးသွင်းထုတ်ပေးလျက်ရှိကြသည်။

**သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူစားသောက်နိုင်**

လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိစဉ်ကာလအတွင်း တည်းခိုနေထိုင်စားသောက်ရေးကိစ္စရပ်များကိုလည်း ယခင်လွှတ်တော်အစည်းအဝေးများအတိုင်း စီစဉ်ဆောင်ရွက်ပေးထားပြီး အစည်းအဝေးကျင်းပမည့် ရက်များအတွင်း၌လည်း နေ့လယ်စာအတွက် စားသောက်ဖွယ်ရာများကို သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူစားသောက်နိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများကို Social Distancing စနစ်နှင့်အညီ ဆောင်ရွက်သွားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ရုံးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများက အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အစည်းအဝေးခန်းမဝင်ပေါက်များတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များ လက်မှတ်ထိုးမှတ်တမ်းတင်သည့် နေရာကို Social Distancing စနစ်နှင့်အညီထားရှိပြီး ကျန်းမာရေးအတွက်အသုံးပြုရန် လက်ဆေးရည်များကိုလည်း စီစဉ်ပေးထားကြောင်း သိရသည်။

**Mic များကို တပ်ဆင်ပေးထား**

အမျိုးသားလွှတ်တော်အနေဖြင့် ယခုအခါ အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ အဆို၊ မေးခွန်းများ ဆွေးနွေးမေးမြန်းရာတွင် ယခင်က အစည်းအဝေးခန်းမနောက်တန်းများရှိ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် FM Mic အသုံးပြုဆွေးနွေးခဲ့ရာမှ ကိုဗစ်-၁၉ ရောဂါအခြေအနေများကြောင့် ယခုအခါ လွှတ်တော်ကိုယ်စားလှယ်များ၏ ခုံနေရာများတွင် Mic များကို တပ်ဆင်ပေးထားကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် မဲဆန္ဒနယ်အသီးသီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် သတင်းပို့လက်ခံရေးလုပ်ငန်းများကို ဇန်နဝါရီ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် အမျိုးသားလွှတ်တော်ရေးရာဆောင် အမှတ် ၁၉တွင် သတင်းပို့ လက်ခံခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ယခုအခါ ပထမအကြိမ် ဆေးစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းနိုင်၊ ဓာတ်ပုံ-ဟိန်းမင်းစိုး**

---

*✪ ရှေ့ဖုံးမှ*

အခွင့်အလမ်းနှင့် နေထိုင်ရန် စီစဉ်ထားရှိပေးထားသည်။ ထို့ပြင် ကိုဗစ်ကာလတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုများ စီမံဆောင်ရွက်ပေးထားပြီး လုပ်ငန်းများလည်ပတ်လျက်ရှိရာ ဖော်ထုတ်ရရှိသည့် ပုစွန်များအား ယခင်က ဟိုတယ်တွင်သုံးသော်လည်း ယခု ကိုဗစ်ကာလအတွင်း ထိုင်းနိုင်ငံသို့ တင်ပို့ကာ နိုင်ငံခြားဝင်ငွေများ ရှာဖွေပေးလျက်ရှိကြောင်းသိရသည်။

ပြည်ပပို့ကုန်အဖြစ် ဇန်နဝါရီ ၂၄ ရက်က မွေးမြူရေးပုစွန်ဖြူ ၅ ဒသမ ၈၅ တန် တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခင်နှစ် ၂၀၁၉-၂၀၂၀ နှင့် ယခုနှစ်၂၀၂၀-၂၁ ဇန်နဝါရီလအထိ ဒေါ်လာ ၀ ဒသမ ၁၂၉ သန်းတန်ဖိုးရှိ ပုစွန် ၆၉ ဒသမ ၈၅ တန်ကို တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကော့သောင်းခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးသန့်ဇင်ထံမှသိရသည်။

**ကျော်စိုး (ကော့သောင်း)**

*❖ ကျောဖုံးမှ*

ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းကော်မတီ၊ ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့နှင့် ကရင်လူထုတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြပြီး ကကြိုးကကွက်သုတေသန၊ တေးအလင်္ကာသုတေသန၊ တူရိယာသုတေသန၊ ရိုးရာသင်တိုင်းအဆင်သုတေသန၊ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းနှင့် စာပေယဉ်ကျေးမှု အစရှိသည့် သုတေသနအဖွဲ့များဖွဲ့စည်းကာ ကရင်ရိုးရာ ဒုံးအကထွန်းကားခဲ့ရာ နေရာဒေသများသို့ သွားရောက်ကွင်းဆင်းသုတေသနပြု၍ ကိုလိုနီခေတ်၊ လွတ်လပ်ရေးရပြီးခေတ်နှင့် မျက်မှောက်ခေတ်ဟူ၍ ခေတ်ကာလသုံးမျိုးဖြင့် ယူနက်စကိုမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ တင်သွင်းသွားမည်ဖြစ်သည်။

"ကရင်ရိုးရာဒုံးအကကို ယူနက်စကိုတင်သွင်းနိုင်ဖို့ ကြိုးစားလာတာဟာ တော်တော်လေးကို ခရီးရောက်ပြီလို့ ပြောလို့ရပါတယ်။ ပထမပိုင်းအနေနဲ့ ဒုံးအကကို ထိန်းသိမ်းနေတဲ့ရွာတွေကို ဆင်းပြီးတော့ သုတေသနလုပ်ငန်းတွေ လုပ်တယ်။ ရွာပေါင်း ၂၀ ကျော်နီးပါးကိုသွားပြီးတော့ လေ့လာထားပြီးဖြစ်တယ်။ အဲဒီမှာ ရှာဖွေတွေ့ရှိလာတဲ့ ကကြိုးကကွက်တွေကို ပြန်စုစည်းပြီးတော့ ယူနက်စကို ကိုတင်ဖို့ အကတိုက်လေ့ကျင့်ပြီး ပြန်ဖျော်ဖြေတဲ့ အပိုင်းတွေပေ့ါ။ အဲဒီအပိုင်းမှာလည်း ပဒေသရာဇ်ခေတ်က ကျွဲဒုံးလိုမျိုး၊ ကျားဒုံးလိုမျိုးတွေပါမယ်။ လွတ်လပ်ရေးမတိုင်မီခေတ်တွေ၊ လွတ်လပ်ရေးရပြီးခေတ်မှာ ဒီ ဒုံးအကဟာ ဘယ်လိုမျိုး တဖြည်းဖြည်းလက်ဆင့်ကမ်းလာတယ်ဆိုတဲ့ ပုံစံမျိုးလေးတွေကို ဆယ့်နှစ်လ ရာသီဒုံးတို့၊ မောင်ရိုးဒုံးတို့တွေနဲ့ ကျွန်တော်တို့ ကပြတင်ဆက်သွားမှာ ဖြစ်တယ်။ ဒါတွေအားလုံးကို ကျွန်တော်တို့ ကြိုတင်လေ့ကျင့်ပြင်ဆင်ထားပြီးတော့ ပြည်သူကိုချပြဖို့လည်း အဆင်သင့်ဖြစ်နေပြီ" ဟု ပြည်နယ်ဝန်ကြီး ဦးဘိုဘိုဝေမောင်က ပြောသည်။

ယူနက်စကိုသို့ တင်သွင်းရန် ကရင်ရိုးရာဒုံးအက၏ သမိုင်းကြောင်းနောက်ခံ အချက်အလက်များကို ကွင်းဆင်းသုတေသနပြုလေ့လာခဲ့ကြပြီး ကရင်ရိုးရာယဉ်ကျေးမှုထွန်းကားရာနေရာ ဒေသများ၊ ကျေးရွာများရှိ ရှေ့မီနောက်မီ သက်ကြီးကရင်အဘိုးအဘွားများ၏ ၎င်းတို့ခေတ်ကာလ ဒုံးအကနှင့် ပတ်သက်၍ ကိုယ်တွေ့မှတ်တမ်းများကို စနစ်တကျ မှတ်တမ်းတင်သုတေသနပြုခဲ့ကြသည် ဟုလည်း သိရသည်။

ကရင်ရိုးရာဒုံးအကနှင့်အတူ ရှမ်းပြည်နယ်မှလက်ဖက်အသုံးပြုသည့် ဓလေ့၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ကြိုးကြီးချိတ်လုပ်ငန်းတို့ကိုလည်း ယူနက်စကိုသို့ တင်သွင်းရန် အဆိုပြုထားပြီး ခိုင်မာအားကောင်းမှု အရှိဆုံးတစ်ခုကို အမျိုးသား အဆင့်ဗဟိုကော်မတီအစည်းအဝေးတွင် ရွေးချယ်ကာ ယူနက်စကို သို့ တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ရိုးရာဒုံးအကသည် ကရင်တိုင်းရင်းသားတို့နှင့်အတူ ယဉ်ကျေးမှုသက်တမ်းသမိုင်းကြောင်းရှည်ကြာခြင်း၊ ခေတ်အလိုက် ရိုးရာဟန်ဖြင့် တိုးတက်ထွန်းကားမှုရှိခြင်း၊ လက်ဆင့်ကမ်းဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ခြင်း အစရှိသည့် ဂုဏ်ဒြပ်များရှိပြီး ယူနက်စကိုသို့ တင်သွင်းအောင်မြင်ပါက ကရင်တိုင်းရင်းသားလူမျိုးတို့၏ ဒုံးအက၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဝတ်စားဆင်ယင်နေထိုင်မှု၊ စာပေဘာသာစကား စသည်တို့သည် ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲပြီး ကိုယ်ပိုင်သွင်ပြင်လက္ခဏာဂုဏ်သိက္ခာပြည့်ဝစွာဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည်ဖြင့် ပိုမိုဂုဏ်သရေရှိစွာ ရပ်တည်ရှင်သန်နိုင်မည်ဖြစ်သည်။

ယူနက်စကိုသို့တင်သွင်းမည့် ကရင်ရိုးရာဒုံးအကကို ဇန်နဝါရီ ၂၆ ရက်တွင် ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကိုယ်တိုင် ဦးဆောင်၍ ပြည်သူလူထုထံချပြသွားရန် စီစဉ်ထားပြီး မတ်လကုန်ပိုင်းခန့်တွင် လိုအပ်သည်များအားလုံး အဆင်သင့်ဖြစ်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

## ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ညအပူချိန်များမှာ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၂ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး နေပြည်တော်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ပြာသိုလ၏ မြင်းခင်းသဘင်ပွဲတော်

မောင်လွမ်းရည်(ရွှေတောင်)

**မြန်မာတို့သည် မြန်မာ့စိတ်ဓာတ်၊ မြန်မာ့ဓလေ့တို့ကို ဖော်ထုတ်ပြညွှန်းပေးနေသည့် ပွဲတော်များကို တစ်လတစ်မျိုး မရိုးမထပ်အောင် မြန်မာတစ်မျိုးသားလုံး ပါဝင်၍ အုန်းအုန်းကျွက်ကျွက် တစ်ခဲနက် ကျင်းပလေ့ရှိကြသည်။ မိုးရာသီအကုန် ဆောင်းရာသီအဝင် ဤပြာသိုလအချိန်၌မူ မြင်းခင်းသဘင်ပွဲတော်ကို ဆင်ယင်ကျင်းပကြပြန်သည်။ ဤမြင်းခင်းပွဲတော်သည်ပင် ပြာသိုလ၏ အများနှင့်မတူ တစ်မူခြားနားသော ထူးခြားချက်တစ်ရပ် ဖြစ်တော့သည်။**

### ပြာသိုလနှင့် ခွာညိုပန်း

ပြာသိုလသည် မြန်မာ ၁၂ လရာသီ စက်ဝန်းတွင် ဒသမမြောက်လ ဖြစ်သည်။ တောတောင်ရေမြေ သဘာဝသည် ငွေနှင်းမှုန်သင်တိုင်းကြီးကို ဝတ်ရုံ၍ တစ်ဖုံတစ်နည်း လှပတင့်တယ်နေသည်။ ရပ်ရှစ်ခွင်ကို မျှော်ကြည့်လေတိုင်း အလွမ်းဓာတ်ခံရှိသူများအဖို့ ဖြေမဆည်နိုင်သည့်ကာလလည်း ဖြစ်သည်။ ပြာသိုလသည် ဗေဒင် အလိုအားဖြင့် မကာရရာသီဟု ခေါ်သည်။ ဖုဿျှနက္ခတ်သည် ငွေစန္ဒာလဝန်းကြီးနှင့် ကောင်းကင်ပြင်တွင် ယှဉ်တွဲ၍ မွန်းတည့်သောအခါ ဖြစ်သည်။ ပုစွန်တာရာမှာ နေမင်းကြီးနှင့်ယှဉ်ပြီး ထွက်ပေါ်လာသည်။ ရာသီပန်းကား "လမြတ်ပြာသို ပန်းခွာညို" ဟူသည့်အတိုင်း ခွာညိုပန်းဖြစ်သည်။ ဤသည်တို့မှာ ပြာသိုလ၏ ထူးခြားချက်များပင် ဖြစ်ပေသည်။

ပြာသိုလတွင် မိုးရွာသွန်းခြင်းမရှိတော့ဘဲ ပတ်ဝန်းကျင်မြေပြင်တစ်ခုလုံး သာယာခြောက်သွေ့ကာ လောကကြီးတစ်ခုလုံး ရွှင်လန်းတက်ကြွနေသောအချိန်အခါ ဖြစ်သည်နှင့်အညီ ရာသီပွဲအဖြစ် မြင်းခင်းသဘင်ပွဲတော်ကို ကျင်းပလေ့ရှိကြသည်။ ငွေနှင်းမှုန်များနှင့်အတူ ကြည်လင်ပြာလဲ့သော ကောင်းကင်အောက်တွင် အင်အားကိုအသုံးပြုကာ ယှဉ်ပြိုင်ရသော မြင်းခင်းသဘင်ပွဲကို ဆင်နွှဲခြင်းသည် လျော်ကန်သင့်မြတ်လှပါသည်။ ဤမြင်းခင်းသဘင်ပွဲတော်မျိုးကို ဤဆောင်းလအခါ ပြာသိုလ၌ ကျင်းပရန် အခြေချပေးခဲ့သည့် ရှေးက မြန်မာ့ဘိုးဘွားတို့၏ အမြော်အမြင်ကြီးမားပုံမှာ လေးစားလောက်ပါပေသည်။

စင်စစ်မူ ဤပြာသိုလ၏ ရာသီပွဲတော်မှာ မြင်းခင်းသဘင်ပွဲတော်ဖြစ်သော်လည်း ပျော်ရွှင်စွာ နေတတ်ပြီး အများနှင့် စုပေါင်း အကောင်အထည်ဖော်ရသော ပွဲလမ်းမျိုးတွင် ဝါသနာထုံသော မြန်မာတို့သည် မြင်းခင်းသဘင်အပြင် ဂူလီသဘင်ကိုပါ ဆင်နွှဲကျင်းပခဲ့ကြသည်။ ဂူလီသဘင်မှာလည်း မြင်းစီးပြီး အင်အားသုံးရသောကြောင့် မြင်းခင်းသဘင်ကဲ့သို့ပင် စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

### မြင်းခင်းသဘင်နှင့် ဆင်ခင်းသဘင်

ပထမဦးစွာ ပြာသိုလ၏ မူရင်းပွဲတော် မြင်းခင်းသဘင်အကြောင်းကို တင်ပြလိုပါသည်။

စာဆိုတော်ဦးယာသည် သူ၏ ပြာသိုလဖွဲ့ လူးတား၌ မြန်မာမင်းများလက်ထက် မြင်းခင်းသဘင် ကျင်းပပုံကို "သည်ရတုတွင်၊ မြင်းစုခြေသည်၊ စွယ်ရှည်ဖွေးဖွေး၊ မီးသွေးသွေးနှင့်၊ ဒိုင်းလေးသေနတ်၊ ဝင်းခတ်ခင်းကျင်း၊ မြင်းသည်တစ်ယောက်၊ လျောက်ပတ်ဖွယ်ရာ၊ ကိုယ်မှာဝတ်ဆင်၊ ဇာဖျင်အင်္ကျီ၊ ပုစွန်ဆီနှင့်၊ နီလာမြသွေး၊ စိုင်းနှင်ပြေး၍၊ မြင်းရေးယှဉ်ပြိုင်၊ ဇက်ကိုင်ဇက်ကွင်း၊ စီးနင်းထိုးဖောက်၊ ရှေ့နောက်ဆုတ်ငင်၊ ဆင်လည်းမုန်ပြင်း၊ မြင်းခင်းပွဲတော်၊ ထုံးစံပေါ်၍"ဟု ရေးသားထားပါသည်။

ဤဖော်ပြထားချက်ကိုကြည့်လျှင် ပြာသိုလ မြင်းခင်းသဘင်တွင် ပါဝင်ဆင်နွှဲရသော မြင်းစုခြေသည်တို့မှာ သင့်တင့်လျောက်ပတ်သော အဝတ်တန်ဆာများကို ဝတ်ဆင်ရကြောင်းနှင့် ဝတ်ဆင်သော အဝတ်တန်ဆာတို့မှာ ပုစွန်ဆီရောင်၊ နီလာရောင်၊ မြရောင်များဖြစ်ကြောင်း သိရှိရသည်။ ဝင်ရောက်ယှဉ်ပြိုင်သော မြင်းသည်တို့သည် ကိုယ်တွင် ဒိုင်း၊ လေး၊ သေနတ်များလွယ်၍ ဝင်ရောက်ယှဉ်ပြိုင်ကြရကြောင်းကိုလည်း သိရှိရသည်။

ပြာသိုလတွင် ကျင်းပလေ့ရှိသော ရာသီပွဲမှာ မြင်းခင်းသဘင်ဟု ဆိုကြ၊ ရေးကြသော်လည်း စင်စစ်မှာမူ မြင်းခင်း၊ ဆင်ခင်းဟူ၍ ခွဲခြားကျင်းပကြသည်ကို အထက်ပါ ကဗျာပါ "ရှေ့နောက်ဆုတ်ငင်၊ ဆင်လည်းမုန်ပြင်း"ဟူသော စကားအရ သိသာနိုင်ပါသည်။ ရှေးဘုရင်များသည် တိုင်းပြည် ကာကွယ်ရေးအတွက် ဆင်တပ်ကြီးများကို ဖွဲ့စည်းထားရာ စစ်ပွဲသုံး အာဇာနည်ဆင်ကောင်များ ရရှိနိုင်ရန် ဤသို့ ဆင်ခင်းများကျင်းပ၍ စုဆောင်းကြသည်။

### ဆင်ခင်းပွဲတော်နှင့် ယတြာရဆင်များ

ဆင်ခင်းပွဲတော်မှာ ပြိုင်ပွဲမဟုတ်ချေ။ "ယတြာရဆင်" ခေါ် အောင်ပွဲရဆင်များ ရွေးချယ်ပွဲပင်ဖြစ်သည်။ ဆင်များ ရွေးချယ်ပုံမှာ ပထမဆုံး တောထဲမှ ဆင်ရိုင်းများကို ကျုံးသွင်း၍ ဖမ်းယူရသည်။ ထိုဆင်များ နွမ်းနယ်ယဉ်ကျေးသွားသောအခါ ထိုဆင်များကို အပြင်ထုတ်၍ လမ်းလျှောက်စေပြီး ဆင်ကြီး အမှတ်တမဲ့ လျှောက်လာရာတွင် ဝဲယာနှစ်ဖက်မှာ ပုန်းလျှိုးနေသော ဒိုင်းကိုင်လူတစ်ရာက ဒိုင်းကို ပြင်းထန်စွာ ရိုက်ခတ်ပေးရသည်။ ထိုအခါ ဆင်ကြီးက ကြောက်ရွံ့ထိတ်လန့်ခြင်းလက္ခဏာ မပြလျှင် သေနတ်ကိုင်လူနှစ်တန်းကြားသို့ သွားစေ၍ သေနတ်ကိုင်တို့က သေနတ်များကို တစ်ပြိုင်တည်း ပစ်ဖောက်ကြရသည်။ အကယ်၍ ထိုဆင်ကြီးသည် မကြောက်မလန့်ဘဲရှိနေလျှင် ထိုဆင်၏နောက်သို့ မြင်းတပ်က ခွာသံပြင်းပြင်းနှင့် တရကြမ်းလိုက်ခြင်း၊ အခြားဆင်ကြီးတစ်ကောင်နှင့် ဇော့စေခြင်း၊ ယန္တရားဆင်ထားသော ကျားရုပ်ကြီးများဖြင့် ခြိမ်းခြောက်ခြင်းတို့ကို ဆက်ပြီး ပြုလုပ်ရသည်။ ထိုသို့ ခြောက်လှန့်မှုများကို ဆင်က ကြောက်လန့်ဟန်မပြဘဲ ကျားရုပ်ကြီးကို အစွယ်ဖြင့် ဇော့ယမ်းလိမ်ချိုးလိုက်လျှင် ထိုဆင်ကြီးသည် စမ်းသပ်ခြင်းအမျိုးမျိုးကို အောင်မြင်ပြီးဖြစ်၍ ဘုရင်မင်းမြတ်က "ယတြာရဆင်"ဟု အမည်ပေးကာ ရွေးချယ်တော်မူသည်။

> **"မြင်းခင်းသဘင်မှာမူ ပြိုင်ပွဲဖြစ်သည်။ မြင်းစီးသူရဲကောင်း၏ စွမ်းရည်ကို စမ်းသပ်ကာ "မြင်းသည်ကောင်း" အဖြစ် ရွေးချယ်ပွဲဖြစ်သည်။ ထိုပြိုင်ပွဲသို့ မြင်းသည်တော် လုလင်ပျိုတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ရမည့် ပွဲစဉ်များမှာလည်း အမျိုးမျိုးရှိသည်။ မြေပြင်တွင် ရိုးရိုး စက်ထိုးခြင်း၊ မြင်းစီး၍ စက်ထိုးခြင်း၊ မြေတွင် လိမ့်လာသော ရှောက်သီး၊ သံပရာသီးများကို ထိုးခြင်း၊ ငှက်ပျောပင်ပြတ်ထိပ်တွင် မြူတာအိုးကိုတင်၍ မြူတာအိုးမကျမကွဲအောင် ငှက်ပျောပင်ကို မြင်းပေါ်မှ ဓားနှင့်ခုတ်ပိုင်း ခြင်းတို့ဖြစ်"**

### မြင်းခင်းသဘင်

မြင်းခင်းသဘင်မှာမူ ပြိုင်ပွဲဖြစ်သည်။ မြင်းစီးသူရဲကောင်း၏ စွမ်းရည်ကို စမ်းသပ်ကာ "မြင်းသည်ကောင်း" အဖြစ် ရွေးချယ်ပွဲဖြစ်သည်။ ထိုပြိုင်ပွဲသို့ မြင်းသည်တော် လုလင်ပျိုတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ရမည့် ပွဲစဉ်များမှာလည်း အမျိုးမျိုးရှိသည်။ မြေပြင်တွင် ရိုးရိုး စက်ထိုးခြင်း၊ မြင်းစီး၍ စက်ထိုးခြင်း၊ မြေတွင် လိမ့်လာသော ရှောက်သီး၊ သံပရာသီးများကိုထိုးခြင်း၊ ငှက်ပျောပင် ပြတ်ထိပ်တွင် မြူတာအိုးကိုတင်၍ မြူတာအိုး မကျမကွဲအောင် ငှက်ပျောပင်ကို မြင်းပေါ်မှ ဓားနှင့်ခုတ်ပိုင်းခြင်းတို့ဖြစ်သည်။

မြေပြင်မှလည်းကောင်း၊ မြင်းပေါ်မှလည်းကောင်း စက်ထိုးနိုင်ရန်အတွက် ကွင်းပြင်အလယ်၌ ၁၅ တောင်မြင့်သော တိုင်ကြီးကို စိုက်ထားပြီး ဆေးဖြူသုတ်ထားသည့် သစ်သားဝိုင်းကြီးကို ထိပ်၌ ကပ်ရိုက်ထားရသည်။ အဖြူရောင် သစ်သားဝိုင်းကြီး၏ အလယ်တွင် အမည်းရောင် စက်ဝိုင်းငယ်လေးကို ထည့်ထားရာ ထိုအမည်းစက်ဝိုင်းကို ဝင်အောင် လှံနှင့်ပစ်ထိုးခြင်းဖြစ်သည်။ စက်ထိုးမည့်နေရာမှာ စက်ခွက်နှင့် ၁၅ တောင်အကွာမှ စည်းတားထားခြင်း ဖြစ်သည်။

စက်ထိုးပုံမှာ စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ စက်ခွက်ပါ တိုင်ကြီးမှာ နောက်သို့ရွှေ့ပေးနိုင်၍ ပထမ ၁၅ တောင်၊ ဒုတိယ အတောင် ၂၀၊ တတိယ အတောင် ၃၀ စသည်ဖြင့် ထိုးနိုင်သည့်အားကိုလိုက်၍ နောက်သို့ အတောင် ၆၀ အထိရွှေ့ပြီး ထိုးနိုင်ကြသည်။ ထိုးမည့်လှံကား သုံးတောင်ခန့် ရှည်လျားပြီး လှံရွက်များ တပ်ထားသော လှံဖြစ်သည်။ ပြိုင်ပွဲဝင်တစ်ယောက်သည် ၁၀ ကြိမ်အထိ ထိုးခွင့်ရှိပြီး စက်ခွက်၌ အနည်းဆုံး သုံးချက်စွဲသူသည် အောင်ပွဲရသူရဲကောင်း ဖြစ်သည်။

ဆင်ခင်းသဘင်ကို ပြာသိုလဆန်း ၁ ရက်နေ့တွင် စတင်၍ သုံးရက်ကြာ ကျင်းပသကဲ့သို့ မြင်းခင်းသဘင်ကို သုံးရက်ဆက်တိုက် ကျင်းပကြသည်။ ထိုသို့ ပထမနေ့တွင် စက်ထိုးပွဲကို ကျင်းပပြီးသောအခါ နောက်တစ်နေ့တွင် ပြိုင်ပွဲဝင်သူများက မြင်းရေး ၃၇ မျိုးနှင့်အညီ အချက်ကျကျ စီးပြကြရသည်။ ထို့နောက် မြေပြင်ပေါ်တွင် လိမ့်လာသော သံပရာသီး၊ ရှောက်သီးများကို မြင်းပေါ်မှ လှံနှင့်ထိုးပြီး ဓားနှင့်နှံပြရသည်။ ထိုမှ ဆက်၍ မြူတာအိုးတင်ထားသော ငှက်ပျောပင်ကို ခုတ်ပြကြရသည်။

ပြိုင်ပွဲဝင်ကြသူများ၊ မြင်းခင်း မြင်းရေးပြကြသူများမှာ စစ်ဘက်ဆိုင်ရာ ဗိုလ်မှူးများ၊ မြင်းတပ်မှ အရာရှိများ ဖြစ်ကြသည်။ ထိုပွဲတွင် မြင်းစီးအရည်အသွေး၊ လှံထိုး၊ ဓားခုတ် အရည်အသွေးတို့ကို ထုတ်ဖော်ပြသနိုင်သဖြင့် ရှေးခေတ်စစ်ဘက်ဆိုင်ရာ အရာရှိများအတွက် နောက်တစ်ဆင့်မြင့်သော ရာထူးအတွက် အရည်အချင်းစမ်းသပ်ပွဲ၊ သူရဲကောင်းရွေးပွဲအဖြစ်လည်း မြင်းခင်းသဘင်ကို ရှုမြင်နိုင်ကြသည်။

### မြင်းခင်းသဘင်ဆိုင်ရာ စာကဗျာများ

ထိုမြင်းခင်းသဘင်များကို ပြာသိုလရောက်တိုင်း ကျင်းပပုံကို စာဆိုမယ်ခွေသည် သူ၏ ၁၂ လရာသီအဲချင်း ပြာသိုလဖွဲ့တွင် ဖွဲ့ဆိုထားရာ မြင်းခင်းသဘင်၌ ပါဝင်ဆင်နွှဲကြသည့် သူရဲကောင်းတို့၏ ဟန်အမူအရာကို "မြန်ပြည်မှ သာနိုး၊ မိန်ညိုချပ်ကာ၊ ရွှေတန်ဆာနှင့်၊ ရတနာမြင်းခင်း၊ စိတ်ရှိငယ်ကျင်းသည်။ နှင်းဖြိုးဖြိုးနှင့်၊ စက်ထိုးမှဟန်ယူ၊ အသည်းဆွတ်ကြွေ၊ ချမ်းလေပြည်နှင့်" ဟု ရေးသားစပ်ဆိုထားသည်။

လှူဦးမင်း ရေးဖွဲ့သော ၁၂ ရာသီလေးချိုး ပြာသိုလဖွဲ့တွင် "ခါသဘင်မူ၊ ရာဇင်မှန်ပု၊ နတ်သမုဒယ်း၊ ဗိုလ်ထုငယ် လေးအင်၊ စစ်ရေးဆင်လို့၊ သေနင်ဗျူဟာ၊ ယတြာနှင့်၊ ဂဇာနာပုံ၊ ဆင်မြင်းစုံလျက်၊ ဂုဏ်မင်္ဂလာ၊ မျို့ကြီးသာ၍၊ လွတ်ညာရဝေ၊ တင့်မျိုးပဲထွေတော့ပ" စသည်ဖြင့် ပြာသိုဆင်ခင်း၊ မြင်းခင်းသဘင်များကို ဘုရင်မင်းမြတ်ကိုယ်တိုင် နန်းတွင်းလွှတ်ရုံး၏ ညာဘက်တွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပပုံကို မှတ်တမ်းတင်ရေးဖွဲ့ခဲ့သည်။ ထိုအချက်ကို ထောက်လျှင် ထိုခေတ် ထိုအခါက ပြာသိုလ၏ ဆင်ခင်း၊ မြင်းခင်းသဘင်ပွဲကို အစဉ်အလာပွဲတော်တစ်ခုအနေဖြင့် မည်မျှအလေးအနက်ထားပြီး ကျင်းပခဲ့ကြသည်ကို သိသာနိုင်ပါသည်။

### ဂူလီသဘင်ခေါ် ဂူလီရိုက်ပွဲ

ထိုရာသီပွဲ မြင်းခင်းသဘင်နှင့်ယှဉ်တွဲကာ ကျင်းပခဲ့သော နောက်ပွဲတစ်မျိုးလည်း ရှိပါသေးသည်။ ဂူလီသဘင်ခေါ် ဂူလီရိုက်ပွဲဖြစ်ကာ ထိုပွဲကို မြင်းခင်းသဘင် ကျင်းပပြီးသည့်နေ့တွင် ဆက်လက်ကျင်းပသည်ဟု ဆိုပါသည်။ ဂူလီသဘင်မှာ အခြားမဟုတ်၊ ယနေ့ ခေတ်စားနေသော ပိုလိုရိုက်ခြင်း/ဇလီရိုက်သည့် ကစားနည်းပင် ဖြစ်သည်။

ဂူလီပွဲတွင် ကွင်းတစ်ဖက်စီ၌ ဂိုးတိုင်နှစ်တိုင်စီစိုက်ပြီး တစ်ဖက်လျှင် လေးယောက်စီနေကာ မြင်းပေါ်မှ ဂူလီကို ဂေါက်တံဖြင့် လုယက်၍ ဂိုးသွင်းခြင်းဖြစ်သည်။ ကစားသူများမှာ မင်းသား၊ အမတ်၊ မြို့စား၊ စော်ဘွားတို့ ဖြစ်ကြ၍ အထက်တန်းပုဂ္ဂိုလ်များ ကစားသော ရိုးရာပွဲဟု ဆိုရပေမည်။

ဂူလီရိုက်ကစားပုံကို မြဝတီဝန်ကြီး ဦးစက "ပတ်ဖြန့်ငယ်ပြောင်၊ ရွှန်းဝေယံ သိင်္ဂီနန်းမြေညီ၊ ဂူလီပွဲတုကျွန်းငယ်တည့်လေး။ ခြောက်တန်ညွှန်းသည့်၊ ဘယ်တော်မှာ အုန်းဘောင်ခွန်သ၊ စိုးရမ္မရ၊ မြင်ကွန်းငယ်အောင်ချာလေ၊ မြို့သနင်းသည်ပ၊ ငယ်ကျွန်ယုံ၊ မှူးမတ်ဝန်၊ တိမ်စွန်ပျံလ မြင်းငယ်နှင့်လေး၊ မြတ်ညီတော်ရင်း တောင်ဘက်ဝယ်၊ စိန့်ပြည်ပတ်ချုပ် စိုးအုပ်သည့်နေနွယ်၊ ပခန်းဘုန်းကြွယ် လေမြတ်တစ်ပါး။ လက်ရုံးငယ်ဉာဏ်ရည်၊ တွေ့တိုင်းငယ်နှည်၊ စံတည်မှူးများမတ်ငယ်နှင့်လေး။ ခက်တံရွှေသားစွဲကိုင်ကာ ဆယ်သုံးလက်မကွာ။ သင့်ရာရာ လယ်ချာလယ်ချာစုလို့လေး"စသည်ဖြင့် နန်းတွင်းမြေပြောင်ထက်တွင် ဘုရင့်ညီတော်၊ စော်ဘွား၊ မြို့စားတို့ ကစားကြကြောင်း ဖော်ညွှန်းရေးဖွဲ့ခဲ့သည်။

ပြာသိုသည် သဘာဝရာသီ သာယာသည်နှင့်အမျှ ရာသီပွဲတော်ဖြစ်သော မြင်းခင်းသဘင်၊ ဆင်ခင်းသဘင်၊ ဂူလီသဘင်တို့ကို ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ကြီးမှူးကျင်းပရာ ဂုဏ်ယူဖွယ် လတစ်လ ဖြစ်ပါသည်။ ထိုပွဲများသည် ပျော်ပွဲရွှင်ပွဲမျှသာမဟုတ်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် သူရဲကောင်းများပေါ်ထွက်ရေးနှင့် ဆင်ကောင်း၊ မြင်းကောင်းများ စုဆောင်းရေးတို့ကို မျှော်ကိုးပြီး ကျင်းပသော ပွဲကြီးပွဲကောင်းများ ဖြစ်ခဲ့သည်မှာ ထင်ရှားနေပေတော့သည်။ ။

# နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ ဒေသအကျိုး ဘက်စုံထောင့်စုံ ဆောင်ရွက်ကြမည့် တတိယအကြိမ် လွှတ်တော်ကိုယ်စားလှယ်များ၏ ရည်မှန်းချက်များ


ဦးခင်ချို
(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊
လှိုင်းဘွဲမြို့နယ်)


ဦးအေးလွင်
(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊
ဒဂုံမြို့သစ်တောင်ပိုင်း)


ဦးညွန့်ဝင်း(ခ)ဆလိုင်းမင်းညို
(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊
ကန်ပက်လက်မြို့နယ်)


ဦးဘိုကြီး
(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊
ချောက်မြို့နယ်)


ဦးကျော်မင်းဦး
(ပြည်သူ့လွှတ်တော်
ကိုယ်စားလှယ်၊ မင်းတုန်းမြို့နယ်)

**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ကျင်းပမည့် တတိယအကြိမ် လွှတ်တော် ပထမပုံမှန်အစည်းအဝေးများတက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ် မဲဆန္ဒနယ်အသီးသီးမှ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နေပြည်တော်သို့ ယခုအခါ ရောက်ရှိနေကြပြီ ဖြစ်သည်။**

တတိယအကြိမ် လွှတ်တော်အတွက် ယခင် ဒုတိယအကြိမ် လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည် ပါဝင်လာသကဲ့သို့ လွှတ်တော်ကိုယ်စားလှယ် အသစ်များလည်း ထပ်မံပါရှိလာကြသည်။ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ ဒေသအကျိုးအတွက် ဘက်စုံထောင့်စုံမှ ဆောင်ရွက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အနာဂတ်ကာလ၌ ပြည်သူ့အတွက်ဆောင်ရွက်မည့် ၎င်းတို့၏ ရည်မှန်းချက်များအား တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ရပါသည်။

**ဦးခင်ချို (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ လှိုင်းဘွဲမြို့နယ်)**

ပြီးခဲ့တဲ့ ဒုတိယအကြိမ် လွှတ်တော်သက်တမ်း ငါးနှစ်အတွင်းမှာ ကျွန်တော့်အနေနဲ့ အတတ်နိုင်ဆုံး ကြိုးစားခဲ့တယ်။ မေးခွန်းတွေဆိုရင်လည်း တစ်နိုင်ငံလုံးနဲ့ ပတ်သက်တဲ့ မေးခွန်းတွေကို မေးခဲ့တယ်။ ဒေသနဲ့ပတ်သက်တာတွေကတော့ ကြယ်ပွင့်မပြဘဲမေးခဲ့တယ်။ ပြီးခဲ့တဲ့ လွှတ်တော်သက်တမ်းမှာ ကြယ်ပွင့်ပြမေးခွန်း ၅၀ နဲ့ ကြယ်ပွင့်မပြ မေးခွန်း ၁၀၀ ကျော် မေးခဲ့တယ်။ ပြည်ထောင်စုလွှတ်တော်မှာတော့ ဘတ်ဂျက်နဲ့ ပတ်သက်တာတွေ၊ ချေးငွေနဲ့ ပတ်သက်တာတွေကို ဆွေးနွေးတာ အကြိမ်ရေ ၄၀၀ ကျော်လောက် ရှိပါတယ်။

ဒီလိုပါပဲ လာမယ့်ငါးနှစ်အတွင်းမှာ နိုင်ငံကတော့ ပြုပြင်ပြောင်းလဲစရာတွေ၊ လုပ်စရာတွေ အများကြီးရှိတယ်။ အရေးကြီးတဲ့ကဏ္ဍကို စဉ်းစားတာပေါ့။ နံပါတ် ၁ အနေနဲ့ အလုပ်လက်မဲ့ပြဿနာဖြစ်ပါတယ်။ ဒီပြဿနာတွေကို ပြီးခဲ့တဲ့သက်တမ်းမှာလည်း အဆိုအနေနဲ့ တင်ခဲ့တယ်။ ဒါပေမယ့် မအောင်မြင်ဘူး၊ အလုပ်လက်မဲ့ပြဿနာဆိုတာ ပါးစပ်နဲ့ပြောတာက လွယ်တယ်။ တကယ်လုပ်မယ်ဆိုရင် ပညာရေးကဏ္ဍကနေစပြီး ပြုပြင်ရမှာတွေ အများကြီးရှိပါတယ်။ ဒါကြောင့် ဒီပြဿနာကို နံပါတ် ၁ ဦးစားပေးအနေနဲ့ လုပ်ချင်တယ်။ နံပါတ် ၂ က အခြေခံလူတန်းစားဖြစ်တဲ့ တောင်သူလယ်သမားတွေရဲ့ ဘဝက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကနေ အခုထိ ဘာမှသိပ်မထူးခြားသေးဘူး။ မထူးခြားတဲ့အပြင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်လို နေရာမျိုးမှာဆိုရင် လယ်စိုက်မယ့် တောင်သူ မရှိတော့ဘူး။ ဒါကြောင့် လယ်သမားတွေအနေနဲ့ ဒီလယ်တွေကို ပြန်ပြီးအသုံးချစိုက်ပျိုးနိုင်အောင် ဘယ်လိုလုပ်မလဲဆိုပြီး အဲဒီကဏ္ဍကို ဦးစားပေးပြီး လုပ်ချင်ပါတယ်။

ကျန်တဲ့အချက်ကတော့ ဝန်ထမ်းပေါ့။ ဖွဲ့စည်းပုံအရ ဌာနဆိုင်ရာ ဝန်ထမ်းတွေက အများကြီး ဖြစ်နေတယ်။ ကျွန်တော် စာရင်းစစ်လုပ်ခဲ့တုန်းက ဦးစီးဌာနတွေမှာ လုပ်ရမယ့်အလုပ် ပမာဏနဲ့ ထမ်းဆောင်ရမယ့်ဝန်ထမ်းအင်အားက ပိုနေတယ်။ တချို့ဌာနကျတော့ အဲဒီလို မဟုတ်ဘူး။ ဝန်ထမ်းအင်အားက နည်းပြီး လုပ်ငန်းပမာဏက များတယ်။ ဝန်ထုပ်ဝန်ပိုးတွေဖြစ်ပြီးတော့ မနိုင်မနင်းတွေဖြစ်တယ်။ ဒါကြောင့် ဝန်ထမ်းတွေ မမျှမတဖြစ်နေတဲ့ ဌာနတွေမှာ ဝန်ထမ်းအင်အား ချင့်ချိန်နိုင်အောင် ပြန်ပြီးတော့ ဆောင်ရွက်ဖို့အတွက် အစိုးရကို တိုက်တွန်းတာတွေကို လုပ်ချင်တယ်။ ဒီအချက် သုံးချက်က ဒီနိုင်ငံရဲ့ အဓိကအကျဆုံးအချက်တွေလို့ မြင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဝန်ထမ်းအဖွဲ့အစည်းဆိုတာ နိုင်ငံရဲ့ယန္တရားဖြစ်ပါတယ်။ နိုင်ငံ့ ယန္တရားကောင်းမှ နိုင်ငံတိုးတက်မယ်။ နောက်ပြီး အခြေခံလူတန်းစားဖြစ်တဲ့ လယ်သမားဘဝတွေ တိုးတက်ပြီး ချမ်းသာမှ တိုင်းပြည်ကချမ်းသာမယ်။ ဒါနဲ့ ဆက်စပ်ပြီး အလုပ်အကိုင် ဖန်တီးပေးနိုင်မှ အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းနိုင်မယ်။ ကိုယ့်နိုင်ငံက လူတွေ သူများနိုင်ငံမှာ အလုပ်လုပ်နေတာတွေ၊ အခက်အခဲဖြစ်တာတွေ ဒါတွေလည်း ပပျောက်သွားမှာဖြစ်တယ်။

ပြည်သူကို သတင်းစကားပါးချင်တာက ရွေးကောက်ပွဲကာလမှာလည်း နယ်တွေကို ဆင်းခဲ့တယ်။ လက်ရှိအနေအထားမှာကတော့ ကိုဗစ်ပေါ့။ ကိုဗစ်ရောဂါကို တစ်ဦးချင်းကာကွယ်နိုင်ရင် ဒါဟာ တစ်နိုင်ငံလုံးကာကွယ်ပြီးသားဖြစ်သွားတာပေါ့။ အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်ဖို့လည်း အစိုးရက တတ်နိုင်သမျှ ဆောင်ရွက်ပေးနေတယ်။ လက်ရှိမှာ ထားဝယ်စီးပွားရေးဇုန်ကိုလည်း မြှင့်တင်ဖို့ကြိုးစားနေတယ်။ သီလဝါစက်မှုဇုန်ကိုလည်း မြှင့်တင်နေတယ်။ ရေးမြို့နယ်ဘက်မှာလည်း ထပ်လုပ်ဖို့ စီမံကိန်းရှိတဲ့အတွက် အလုပ်လက်မဲ့ပြဿနာနဲ့ ပတ်သက်ပြီး အများကြီး ဆောင်ရွက်ပေးနိုင်မှာပါ။ ပြည်သူတွေကလည်း ဒီအချိန်မှာ နိုင်ငံ့ရဲ့အနေအထားအရ ကြိုးစားဆဲဆိုတော့ ဒီအပေါ်မှာ ဝိုင်းပြီးတော့ကူညီဖို့၊ အားပေးကြဖို့ ပန်ကြားချင်ပါတယ်။

**ဦးအေးလွင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဒဂုံမြို့သစ်တောင်ပိုင်း)**

ကျွန်တော်က ဒုတိယအကြိမ်လွှတ်တော်သက်တမ်းမှာလည်း လွှတ်တော်ကိုယ်စားလှယ် တာဝန်ထမ်းဆောင်ဖူးပါတယ်။ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှာ ကော်မတီအတွင်းရေးမှူးဖြစ်တဲ့အခါကျတော့ ဥပဒေတွေလည်း ပြုပေးနိုင်ခဲ့သလို နယ်မြေကွင်းဆင်းမှုတွေနဲ့ ဝန်ကြီးဌာနကို စောင့်ကြည့် တည့်မတ်တဲ့ အလုပ်တွေကို လုပ်ခဲ့ပါတယ်။ ဒါကတော့ တစ်နိုင်ငံလုံးနဲ့ဆိုင်တာပေါ့။ ကျွန်တော်တို့ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးမှာ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသဖြင့် အများကြီးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထူးခြားတာကိုပြောရမယ်ဆိုရင် ကျွန်တော်တို့ မြို့နယ်မှာ အစိုးရစက်မှုလက်မှုသိပ္ပံ (ဒဂုံတောင်)ကို တည်ဆောက်ပြီးစီးသွားပြီး မကြာမီမှာ ဖွင့်လှစ်တော့မှာ ဖြစ်ပါတယ်။ မြို့နယ်အတွက် ဆေးရုံတိုးချဲ့မှုတွေ၊ မြစ်ကူးတံတားတည်ဆောက်တာတွေ ရှိတယ်။ လျှပ်စစ်ပိုင်းဆိုင်ရာ၊ စာသင်ကျောင်းပိုင်းဆိုင်ရာတွေမှာလည်း အများကြီးတိုးတက်မှုတွေ ရှိပါတယ်။ လွှတ်တော်နားရက်မှာ မဲဆန္ဒရှင်ပြည်သူတွေနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေလုပ်ပါတယ်။ အဲဒီအခါ ပြည်သူလူထုရဲ့ တင်ပြတောင်းဆိုမှုတွေကိုသိရှိပြီး လွှတ်တော်ကတစ်ဆင့် တင်ပြတောင်းဆိုပေးမှုတွေ လုပ်ပေးခဲ့ပါတယ်။

ဒီလွှတ်တော်ကာလမှာလည်း တွေ့ဆုံပွဲတွေမှာ ပြည်သူလူထုရဲ့ တင်ပြတောင်းဆိုမှုတွေကို လွှတ်တော်ကတစ်ဆင့် ဆက်လက်ပြီးတော့ တင်ပြတောင်းဆိုပေးသွားမှာဖြစ်သလို ပေးအပ်လာတဲ့တာဝန်တွေကိုလည်း ကျေပွန်စွာ ထမ်းဆောင်သွားဖို့ အဆင်သင့်ရှိနေပါတယ်။

**ဦးညွန့်ဝင်း(ခ)ဆလိုင်းမင်းညို (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကန်ပက်လက်မြို့နယ်)**

ကျွန်တော်က ပြီးခဲ့တဲ့ ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ပြိုင်ခဲ့ပြီး အနိုင်ရခဲ့လို့ လွှတ်တော်ကိုယ်စားလှယ် တာဝန်စတင်ထမ်းဆောင်ခဲ့တာပါ။ ဒီ ၂ နှစ်တာ ကာလအတွင်း လွှတ်တော်ထဲမှာ တိုက်တွန်းကြောင်း


ဦးအောင်ဟိန်းမင်း
(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊
ဖားကန့်မြို့နယ်)


ဦးမျိုးမင်းဦး
(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊
ကံမမြို့နယ်)

အဆို ၃ ခုတင်ခဲ့ပါတယ်။ တစ်ခုကိုတော့ ကိုယ်တိုင် မတင်သွင်းတော့ဘဲ ပြန်လည်ရုပ်သိမ်းခဲ့တယ်။ မေးခွန်းအနေနဲ့ ကြယ်ပွင့်မပြမေးခွန်း ၅၀ ကျော် မေးမြန်းခဲ့ပါတယ်။ ကြယ်ပွင့်ပြမေးခွန်း ၁၀ ခု မေးခဲ့ပါတယ်။ ဆွေးနွေးမှုကတော့ ၁၀ ကြိမ် ဆွေးနွေးနိုင်တယ်။ ပြီးခဲ့တဲ့ လွှတ်တော် ၂ နှစ်တာအတွင်းမှာ တကယ်တက်ရောက်ရတဲ့ ကာလက တစ်နှစ်ကျော်ကျော်လောက်ပဲရှိတယ်။ အဲဒီကာလကြားထဲမှာတော့ တတ်အားသရွေ့ ဆောင်ရွက်ခဲ့တယ်။ လွှတ်တော်ကိုယ်စားလှယ်ဆိုတာကလည်း အားလုံးကိုကျွမ်းကျင်ဖို့ဆိုတာထက် သင်ယူရမယ့်အရာတွေ အများကြီးရှိတယ်လို့ ခံယူပါတယ်။

ဒီလွှတ်တော်ကာလမှာ ကျွန်တော်က တိုင်းရင်းသားကိုယ်စားလှယ် ဖြစ်တဲ့အတွက် တိုင်းရင်းသားရေးရာတွေဘက်မှာ အဓိကအားစိုက်ပြီး ဆောင်ရွက်ချင်တယ်။ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်က ကျွန်တော်တို့ မြန်မာပြည်အတွက် ဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွေမှာပဲဖြစ်ဖြစ်၊ စည်းလုံးညီညွတ်မှုအပိုင်းမှာပဲဖြစ်ဖြစ် အဟန့်အတားဖြစ်စေတဲ့ အရာတွေဖြစ်တယ်။ ဒါကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ကျွန်တော်တို့မြန်မာပြည်အတွက် သင်ခန်းစာယူစရာနဲ့ ခေတ်အဆက်ဆက် ဖွံ့ဖြိုးမှုနောက်ကျခဲ့တဲ့ အဓိကအကြောင်းရင်းကြီးတစ်ခုဖြစ်တယ်လို့ ကျွန်တော်မြင်တယ်။ တစ်ဖက်မှာကြည့်ရင်လည်း တိုင်းရင်းသားတွေရဲ့ အခွင့်အရေးနဲ့ပတ်သက်ပြီးဖြစ်ဖြစ်၊ တိုင်းရင်းသားတွေ လိုလားတောင့်တမှုနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် ယခုလွှတ်တော်သက်တမ်းမှာ NLD ပါတီအနေနဲ့ အများကြီး လုပ်ဆောင်ပေးနိုင်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်တယ်။ ထိုနည်းတူစွာ ကျွန်တော်တို့ ပါတီအကြီးအကဲတွေ၊ တိုင်းရင်းသားပါတီတွေနဲ့ တွေ့ဆုံတဲ့ရလဒ်တွေ အပေါ်မှာပဲ အခြေခံပြီး ငါးနှစ်တာ ကာလအတွင်းမှာ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ တိုင်းရင်းသားအရေးတွေမှာ အဘက်ဘက်ကနေ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ခံယူပါတယ်။

ပြည်သူတွေက ကျွန်တော့်ရဲ့ဆောင်ရွက်ချက်တွေကို အမြဲစောင့်ကြည့်နေမှာပါပဲ။ ဒီမိုကရေစီ ဆောင်ပုဒ်အတိုင်းပဲ ပြည်သူက ရွေးချယ်ပေးလိုက်တဲ့ ဒီနေရာဟာ ပြည်သူ့နေရာဖြစ်တယ်။ ပြည်သူ့အသံကို နားထောင်ဖို့လိုတယ်။ အောက်ခြေက ပြည်သူရဲ့လိုအပ်ချက်တွေကို အဘက်ဘက်ကနေ ကိုယ်စားပြုထမ်းဆောင်နေရမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူနဲ့ချိတ်ဆက်မှုဟာ အရေးကြီးတယ်။ ဒီတော့ မဲဆန္ဒရှင်ပြည်သူများအနေနဲ့ ကိုယ်စားလှယ်တွေနဲ့ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ကြဖို့ ပြောကြားလိုပါတယ်။ မိမိရွေးချယ်ပေးလိုက်တဲ့ ကိုယ်စားလှယ်အနေနဲ့ ဒေသဖွံ့ဖြိုးမှု၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ အဘက်ဘက်ကနေ ပြည်သူ့လိုအပ်ချက်တွေကို ကျွန်တော့်အနေနဲ့ လွှတ်တော်အတွင်း အတတ်နိုင်ဆုံးဆောင်ရွက်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။

**ဦးဘိုကြီး(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ချောက်မြို့နယ်)**

ကျွန်တော့်အနေနဲ့ လွှတ်တော်အတွင်းမှာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးဖြစ်ဖို့အတွက် တိုင်းရင်းသားတွေ အားလုံးစည်းလုံးညီညွတ်ရေး၊ တရားဥပဒေစိုးမိုးရေး

*စာမျက်နှာ ၁၀ သို့*

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 နှင့် နိုင်ငံခြားငွေစာရင်း EDC 600012 တို့သို့ ၁၄-၁-၂၀၂၂ ရက်နေ့မှ ၂၀-၁-၂၀၂၂ ရက်နေ့အထိ ပြည်တွင်း / ပြည်ပအလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ **ကျပ် ၇,၆၅၄ ဒသမ ၄၈၃ သန်းနှင့် အမေရိကန်ဒေါ်လာ ၇၁,၅၂၈** ဖြစ်ပါသည်။

၂၀-၁-၂၀၂၂ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ကျပ် |
|---|---|
| ၁၄-၁-၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၁,၁၂၆,၈၅၄,၀၂၁.၀၀ |
| (+) ၁၄-၁-၂၀၂၂ မှ ၂၀-၁-၂၀၂၂ ရက်နေ့ထိ ရရှိငွေ | ၇,၆၅၄,၄၈၂,၅၆၁.၃၉ |
| ၂၀-၁-၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၈,၇၈၁,၃၃၆,၅၈၂.၃၉ |

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၁၄-၁-၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၇,၆၇၃,၀၂၈.၂၉ |
| (+) ၁၄-၁-၂၀၂၂ မှ ၂၀-၁-၂၀၂၂ ရက်နေ့ထိ ရရှိငွေ | ၇၁,၅၂၈.၄၀ |
| ၂၀-၁-၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၇,၇၄၄,၅၅၆.၆၉ |

## COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၁၄-၁-၂၀၂၂ ရက်နေ့)

*ယမန်နေ့မှအဆက်*

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၁၀၆ | မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာန (နေပြည်တော်) | ၅၁၀,၀၀၀ |
| ၁၀၇ | မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန(နေပြည်တော်) | ၅၀၀,၀၀၀ |
| ၁၀၈ | ဦးဘမြင့်+ ဒေါ်ဝင်းသန္တာ သား ဒေါက်တာထက်မြတ်အောင် ဒေါက်တာသက်မြတ်နောင် မိသားစု (နေပြည်တော်) | ၁,၀၀၀,၀၀၀ |
| ၁၀၉ | မြန်မာ့မီးရထား၊ သတင်းအချက်အလက်စီမံခန့်ခွဲရေးဌာန (နေပြည်တော်) | ၅၃,၀၀၀ |
| ၁၁၀ | ဒေါ်နုနုလှိုင်(နေပြည်တော်) | ၅၀,၀၀၀ |
| ၁၁၁ | ဒေါ်မျိုးမျိုးခိုင် (တပ်ကုန်းမြို့) | ၅၅,၀၀၀ |
| ၁၁၂ | ဦးလှရွှေ+ဒေါ်စန်းနွယ်(တပ်ကုန်းမြို့) | ၂၀၀,၀၀၀ |
| ၁၁၃ | ညွန့်နိုင်(ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၁၁၄ | ဦးကျော်ဝင်း+ဒေါ်နုနု မိသားစု (ဇဟန်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၁၅ | ဝင်းမြို့ဟိန်း ဆေးနှင့်ဖုန်းပစ္စည်းဆိုင် (ဇဟန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၁၆ | ပါမောက္ခဦးသိန်းဝင်း+ဒေါ်နွဲ့နွဲ့ဝင်းမိသားစု (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၁၇ | ဦးစိုးညွန့် (ဟားခါးမြို့) | ၁၀၀,၀၀၀ |
| ၁၁၈ | ပြင်ဦးလွင်စတား ဆွယ်တာဆိုင်မိသားစု (ပြင်ဦးလွင်မြို့) | ၁၀,၀၀၀,၀၀၀ |
| ၁၁၉ | ဒေါ်ငွေးငွေး (တောင်ငူမြို့) | ၁၀၀,၀၀၀ |
| ၁၂၀ | ကိုတိုးအောင် (မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၂၁ | ဒေါ်ရင်မြ (မ/ဥက္ကလာပမြို့နယ်) | ၅၀၀,၀၀၀ |
| ၁၂၂ | ဦးအုန်းမြင့် (မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၂၃ | ဒေါ်ခင်မူယာသိမ်း (ကျောက်ဆည်မြို့) | ၁,၀၀၀,၀၀၀ |
| ၁၂၄ | ဒေါ်သင်းသင်းဆွေ (တောင်ကြီးမြို့) | ၁,၀၀၀,၀၀၀ |
| ၁၂၅ | ဦးမောင်အေး၊ ဦးသူရကျော်(ရန်ကုန်မြို့) | ၅၀,၀၀၀,၀၀၀ |
| ၁၂၆ | ရေဝေးစွန်နီမွတ်စလင်(မ်)ကဗရ်စတန်ဥယျာဉ်တော် (ရန်ကုန်မြို့) | ၁၀,၀၀၀,၀၀၀ |
| ၁၂၇ | ဦးခင်စိုး + ဒေါ်သန်းသန်းမြင့်မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၂၈ | ကိုမျိုးသီဟစိုး+ မနှင်းအိဆွေ ၊သား မောင်ဟိန်းအာကာစိုး မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၂၉ | ဒေါ်ခင်မမ (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၃၀ | ဦးဇေယျာအောင် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၃၁ | ဦးဖေဝင်း+ဒေါ်သန်းသန်း (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၁၃၂ | ဦးပေါ် (မုံရွာမြို့) | ၁,၀၀၀,၀၀၀ |
| ၁၃၃ | ဒေါက်တာဦးကို (တာမွေမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၃၄ | ဦးရဲနိုင် (တာမွေမြို့နယ်) | ၅၀၀,၀၀၀ |
| ၁၃၅ | ဒေါက်တာမီမီငယ် (တာမွေမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၃၆ | ဒေါ်ခင်ဝင်း (တာမွေမြို့နယ်) | ၂၀၀,၀၀၀ |
| ၁၃၇ | ဒေါ်မြလွင် (တာမွေမြို့နယ်) | ၈၀,၀၀၀ |
| ၁၃၈ | မသဲစုဝင်း (တာမွေမြို့နယ်) | ၂၁၅,၀၀၀ |
| ၁၃၉ | ဦးအောင်ထူး (သဃ်န်းကျွန်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၁၄၀ | ဦးစန်းဝေထွန်း+ဒေါ်စိုးနှင်းမျိုး၊ သား မောင်ကောင်းထက် (လန်းလန်းကုမ္ပဏီလီမိတက်) (ပျဉ်းမနားမြို့) | ၁,၀၀၀,၀၀၀ |
| ၁၄၁ | ဦးမောင်မောင်ငွေး(ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၁၄၂ | ဒေါက်တာနေလင်း(ရန်ကုန်မြို့) | ၅,၀၀၀,၀၀၀ |
| ၁၄၃ | ဦးထွန်းထွန်းကြိုင်နှင့်ဒေါ်သန်းသန်းဝေ မိသားစု (လသာမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၄၄ | Shwe Taung Foundation (အလုံမြို့နယ်) | ၂၅၀,၀၀၀,၀၀၀ |
| ၁၄၅ | မန်နေဂျာ (တာချီလိတ်မြို့) | ၁၀၀,၀၀၀ |
| ၁၄၆ | ကိုလင်းနိုင် (မြဝတီမြို့) | ၅၀,၀၀၀ |
| ၁၄၇ | Billion Moe Company Limited (မြဝတီမြို့) | ၅၀၀,၀၀၀ |
| ၁၄၈ | ဝင်းမင်းထွန်း (မန္တလေးမြို့) | ၃၅၀,၀၀၀ |
| ၁၄၉ | ဦးထွန်းထွန်းနိုင် (နိုင်ငံရေးအကျဉ်းသားဟောင်း) (သဃ်န်းကျွန်းမြို့နယ်) | ၂,၀၀၀,၀၀၀ |
| ၁၅၀ | ဦးအောင်ကြည်+ဒေါ်ဆန်း၊ ဦးတင်ယု+ဒေါ်အေးအေးရင်(ကုလားအုပ်/Camel) (ဂန္ဓမာပန်းတံဆိပ်ခေါက်ဆွဲမြုစွမ်လုပ်ငန်း) (သဃ်န်းကျွန်းမြို့နယ်) | ၁၅,၀၀၀,၀၀၀ |
| ၁၅၁ | ဦးချစ်မောင်+ဒေါ်တင်မြ သား သမီး မြေး မြစ်တစ်စုကောင်းမှု (လမ်းမတော်မြို့နယ်) | ၇၀၀,၀၀၀ |
| ၁၅၂ | ဒေါက်တာအိနန္ဒာကျော်(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၅၃ | ဒေါက်တာအိန္ဒြာကျော်(သာကေတမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၅၄ | ဒေါ်မာမာစိုး (မြောက်ဒဂုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၅၅ | အငြိမ်းစားရေနံတူးဖော်ရေးအင်ဂျင်နီယာများအသင်းမိသားစု (MOGE) (ဒေါပုံမြို့နယ်) | ၁,၁၀၀,၀၀၀ |
| ၁၅၆ | ဒေါ်ဥမ္မာသန်း (မကွေးမြို့) | ၁,၆၀၀,၀၀၀ |
| ၁၅၇ | ရန်ကုန်စီးပွားရေးတက္ကသိုလ် (ECO) (1971–1975 ခုနှစ်) သူငယ်ချင်းများ(ရန်ကုန်မြို့) | ၁၁,၀၀၀,၀၀၀ |
| ၁၅၈ | ကိုစံလင်း မိသားစု (မရမ်းကုန်းမြို့နယ်) | ၁,၇၀၀,၀၀၀ |
| ၁၅၉ | ဦးအောင်ခန့်+ဒေါ်ခင်အေးမေနှင့်သားသမီးမြေးတစ်စု (စမ်းချောင်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၁၆၀ | ဦးချစ်ထွန်း+ဒေါ်ရင်မေသိန်း I.C.F Co.,Ltd (ကမာရွတ်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၆၁ | ဦးညီညီလတ်+ဒေါ်မျိုးမျိုးမြတ် မိသားစု(လမ်းမတော်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၆၂ | သုခမ္မသိင်္ဂီဒေါ်ငွေးငွေးဝင်း (ဖူးသစ်ပိုးထည်)၊ ဒေါ်မိုးမိုးအေး (CEO)YENOS & Associates (Law Firm)၊ ဒေါ်ညိုမာသန့် (Designer)၊ ဒေါ်သန့်မြတ်ဝင်း(MD) (စမ်းချောင်းမြို့နယ်) | ၈,၀၀၀,၀၀၀ |
| ၁၆၃ | ဦးစန်းမောင်+ဒေါ်မေထွန်း မိသားစု (မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၆၄ | ဘဝနေခြည်လူမှုဘဝမြှင့်တင်ရေးအဖွဲ့ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း (ရွှေပြည်သာမြို့နယ်) | ၁၀,၀၀၀,၀၀၀ |
| ၁၆၅ | ကျွန်တော်နှင့်စိတ်တူကိုယ်တူမိတ်ဆွေများ၊ ခုနစ်ရက်သားသမီးများ (အလုံမြို့နယ်) | ၅၁၀,၀၀၀ |
| ၁၆၆ | မန်နေဂျာ(ရန်ကုန်မြို့) | ၅၀,၀၀၀,၀၀၀ |
| ၁၆၇ | ဦးရင်ထွန်း (အင်းစိန်မြို့နယ်) | ၁,၁၅၀,၀၀၀ |
| ၁၆၈ | ဉူးဝဏ္ဏသီရိ (အင်းစိန်မြို့နယ်) | ၁,၁၀၀,၀၀၀ |
| ၁၆၉ | ဦးငွေးဝင်း+ဒေါ်သစ်တင့်ဦး (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၁၇၀ | TW OLYMPIC CO., LTD(ရန်ကုန်မြို့) | ၅၀,၀၀၀,၀၀၀ |
| ၁၇၁ | ဦးငွေးအောင်+ဒေါ်ဘေဘီစော(ရန်ကုန်မြို့) | ၃၃၀,၀၀၀ |
| ၁၇၂ | ဦးစိန်မင်း+ဒေါက်တာသန်းသန်းဝင်း သားကြီး-ဒေါက်တာဇင်မင်းထက် သားငယ်-မောင်လွင်မင်းသန့် မိသားစု (ဒဂုံမြို့နယ်) | ၃,၀၀၀,၀၀၀ |
| ၁၇၃ | ဒေါက်တာဟိန်းစိန်+ဒေါ်ခင်မေယု (မုံရွာမြို့) | ၅၀၀,၀၀၀ |
| ၁၇၄ | ဦးစံဝင်း+ဒေါ်နီနီခိုင် သား-ဒေါက်တာဝေဇင်ဖြိုး+ဒေါက်တာစုစုဟန် မြေး-မလင်းစုဝေ ရွှေလရောင်ဖယောင်းစက် (မုံရွာမြို့) | ၂,၀၀၀,၀၀၀ |
| ၁၇၅ | ဦးသန်းထွန်း+ဒေါ်အေးမြင့် (ရန်ကုန်မြို့) | ၂,၅၀၀,၀၀၀ |
| ၁၇၆ | မစန္ဒာမိုး (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၁၇၇ | Myanmar Star Way co.Ltd (စမ်းချောင်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၇၈ | ဦးတင်ထွေး မွေးနေ့ကုသိုလ်အလှူ (ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၁၇၉ | ဦးငွေစိုး (မန္တလေးမြို့) | ၄၀၀,၀၀၀ |
| ၁၈၀ | ဒေါ်ညိုညိုကြည်(မန္တလေးမြို့) | ၅၀၀,၀၀၀ |
| ၁၈၁ | ဦးကျော်မင်းထွန်း (တာမွေမြို့နယ်) | ၂၀၀,၀၀၀ |
| ၁၈၂ | ဒေါ်ကျင်ကျင်ဝင်း (သဃ်န်းကျွန်းမြို့နယ်) | ၃၀,၀၀၀ |
| ၁၈၃ | ဒေါ်နီလာ (သဃ်န်းကျွန်းမြို့နယ်) | ၁၅၀,၀၀၀ |
| ၁၈၄ | ဦးခင်မောင်စိုး (သဃ်န်းကျွန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၈၅ | အရှင်ပဏ္ဍဝ (သဃ်န်းကျွန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၈၆ | ဦးဘုန်းမော်+၂ (သဃ်န်းကျွန်းမြို့နယ်) | ၄၀၀,၀၀၀ |
| ၁၈၇ | ဒေါ်မြမြဝေ (သဃ်န်းကျွန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၈၈ | ဦးအောင်ထွဋ်+၁ (သဃ်န်းကျွန်းမြို့နယ်) | ၁၅၀,၀၀၀ |
| ၁၈၉ | ဦးကျော်ကြီး(မန္တလေးမြို့) | ၁,၀၀၀,၀၀၀ |
| ၁၉၀ | ဒေါ်အေးအေးဝင်း (ပျဉ်းမနားမြို့) | ၂၀၀,၀၀၀ |
| ၁၉၁ | ဒေါ်ငွေးငွေးအိ (မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၉၂ | U Goum Like (မ/ဥက္ကလာပမြို့နယ်) | ၃၀၀,၀၀၀ |
| ၁၉၃ | ဦးအေးကို (ပခုက္ကူမြို့) | ၃၀၀,၀၀၀ |
| ၁၉၄ | ဦးဇော်ဇော်ထွန်း+ဒေါ်ခင်အေး Spirits မိသားစု (စမ်းချောင်းမြို့နယ်) | ၁၀,၀၀၀,၀၀၀ |
| ၁၉၅ | ဦးကိုကိုလတ်+ဒေါ်ကြာညိုဦး (ကြည့်မြင်တိုင်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၉၆ | ဒေါ်လှမြင့် (ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၉၇ | ဒေါ်သင်းသင်းဆွေ (ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၉၈ | ဒေါ်အေးအေးသွင် မိသားစု (အင်းစိန်မြို့နယ်) | ၃၃၀,၀၀၀ |
| ၁၉၉ | ဒေါ်အေးခက်ခက် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၂၀၀ | ဒေါ်မြမော် (မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၂၀၁ | ဦးသန်းဆွေ (သန်လျင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၀၂ | ဦးဆွေထွန်း (ကျောက်ပန်းတောင်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၂၀၃ | ဒေါ်ခင်ခင်လေး (ကျောက်ပန်းတောင်းမြို့နယ်) | ၅,၀၀၀ |

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၂၀၄ | ဦးတင်သိန်း (သန်လျင်မြို့နယ်) | ၅၀၀,၀၀၀ |
| ၂၀၅ | ဒေါ်မိမိစိုး (သန်လျင်မြို့နယ်) | ၅၀၀,၀၀၀ |
| ၂၀၆ | ဒေါ်အေးပြည့်စုံဝင်း (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၂၀၇ | အရှင်ခေမာနန္ဒ (မိုးသု-မန္တလေး)နှင့် ဒါယကာ၊ဒါယိကာမများ (ပြင်ဦးလွင်မြို့) | ၈,၂၇၅,၀၀၀ |
| ၂၀၈ | ဒေါ်တင်ထားဝင်း (ပြင်ဦးလွင်မြို့) | ၅၀,၀၀၀ |
| ၂၀၉ | ဦးအောင်မြင့်ထွန်း (ပဲခူးမြို့) | ၁,၃၀၀,၀၀၀ |
| ၂၁၀ | ဒေါ်စောဇင်အောင် (လှိုင်ကော်မြို့) | ၃၀၄,၀၀၀ |
| ၂၁၁ | ဦးဝင်းမောင်(ပဲခူးမြို့) | ၂၃,၀၀၀ |
| ၂၁၂ | ဒေါ်စန်းငွေ (ပဲခူးမြို့) | ၃၀,၀၀၀ |
| ၂၁၃ | ဒေါ်ဝါဝါမြင့်(ပဲခူးမြို့) | ၅၀,၀၀၀ |
| ၂၁၄ | ဒေါ်ခင်အေးဘုန်း(ခ)အေးအေးသိန်း (မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၁၅ | ဒေါ်နီလာကျော် (မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၁၆ | ဒေါ်လှနွဲ့ (မ/ဥက္ကလာပမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၂၁၇ | ဦးညီညီ (မ/ဥက္ကလာပမြို့နယ်) | ၁၅၀,၀၀၀ |
| ၂၁၈ | ဒေါ်ဇာလီထွေး (ကျောက်ဆည်မြို့) | ၇၇၀,၀၀၀ |
| ၂၁၉ | ဦးသန်းထွန်းဦး (ပခုက္ကူမြို့) | ၈၀၄,၀၀၀ |
| ၂၂၀ | ဦးမျိုးငြိမ်းထိုက် (ကျောက်ဆည်မြို့) | ၁,၀၀၀,၀၀၀ |
| ၂၂၁ | ဒေါက်တာမင်းဒင် (မိတ္ထီလာမြို့) | ၃၉၅.၄၀၀ |
| ၂၂၂ | ဦးသန်းထွန်း (တောင်ကြီးမြို့) | ၁၄၅,၀၀၀ |
| ၂၂၃ | ဦးတင့်ဆွေ (ကြည့်မြင်တိုင်မြို့နယ်) | ၅၀၀,၀၀၀ |
| ၂၂၄ | ဒေါ်မိုမိုဦး (ကြည့်မြင်တိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၂၅ | ဒေါ်မိုမိုဦး (ကြည့်မြင်တိုင်မြို့နယ်) | ၅၀၀,၀၀၀ |
| ၂၂၆ | ဦးတင်ထွန်း (ကြည့်မြင်တိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၂၇ | ဦးလှတိုး+ဒေါ်ယဉ်မြ (ကမာရွတ်မြို့နယ်) | ၅၀၀,၀၀၀ |
| ၂၂၈ | ဒေါ်ယဉ်မျိုးမြတ် (ကမာရွတ်မြို့နယ်) | ၁၀,၀၀၀ |
| ၂၂၉ | ဦးမောင်လွင်+ဒေါ်သန်းသန်းငွေ (ကမာရွတ်မြို့နယ်) | ၅၀,၀၀၀,၀၀၀ |
| ၂၃၀ | ဒေါ်ဇင်လတ်+ဒေါ်သီတာဦး (ကမာရွတ်မြို့နယ်) | ၂၀၀,၀၀၀ |
| ၂၃၁ | ဦးသစ်လွင်ဦး+ဒေါ်စန္ဒာမြင့် (ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၃၂ | အဂ္ဂမဟာသီရိသုဓမ္မဓဇာတစေ ဦးထွန်းဖေ+အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ညွှန့်ညွှန့် (ရန်ကုန်မြို့) | ၃၀,၀၀၀,၀၀၀ |
| ၂၃၃ | ဒေါ်ခင်သီတာဝင်း (ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၂၃၄ | ဒေါ်သီတာစန်း(ရန်ကုန်မြို့) | ၂၀,၀၀၀ |
| ၂၃၅ | ကိုဇေယျာလင်း+မမျိုးကြည်ဖြူထွန်း သား-မင်းဆက်နိုင် (သာကေတမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၃၆ | မကြည်ကြည်သန်း (သာကေတမြို့နယ်) | ၅၀၀,၀၀၀ |
| ၂၃၇ | ဦးညွန့်ဝင်း+ဒေါ်တင်မျိုးသူဇာ သား ပြည့်ဖြိုးမင်း၊ အောင်ပြည့်စုံ (စမ်းချောင်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၂၃၈ | ဦးလှဝင်း+ဒေါ်စမ်းကြည် မိသားစု (ဗဟန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၃၉ | ငြိမ်းအိလှိုင် မိသားစု (တောင်ဥက္ကလာပမြို့နယ်) | ၃၀,၀၀၀ |
| ၂၄၀ | ဦးမြင့်ကျော်ဦး ဦးစီးအရာရှိ (ငြိမ်း) အထူးစုံစမ်းရေးဦးစီးဌာန+ဒေါ်ခင်မမအေး (လက်ထောက်ဌာနေကိုယ်စားလှယ် (ငြိမ်း) (UNFPA)(ကမာရွတ်မြို့နယ်) | ၁၀,၀၀၀,၀၀၀ |
| ၂၄၁ | ဦးကျော်ဇေယျ+ဒေါ်နန္ဒာဝေဒီ Wai De Co.,Ltd Lily Shoes Home Galaxy Co.,Ltd မိသားစုအလှူ (ရန်ကုန်မြို့) | ၅,၀၀၀,၀၀၀ |
| ၂၄၂ | ဒေါ်ခင်ခင်ချို (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၅,၀၀၀,၀၀၀ |
| ၂၄၃ | ဦးခင်ဇော်+ဒေါ်စောယုမေ မိသားစု (ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၄၄ | အောင်ဘိုဘိုထွန်း (ပဲခူးမြို့) | ၅,၀၀၀ |
| ၂၄၅ | ဇေဖြိုးနိုင် (ရန်ကုန်မြို့) | ၃,၀၀၀ |
| ၂၄၆ | ဇူးစန္ဒီ (ရန်ကုန်မြို့) | ၃,၀၀၀ |
| ၂၄၇ | ဦးစိုးလွင်+ဒေါ်အမာ (မိုးကုတ်မြို့) | ၃၀,၀၀၀ |
| ၂၄၈ | မိုးမြင့်မောင် (စမ်းချောင်းမြို့နယ်) | ၂,၀၀၀ |
| ၂၄၉ | ရဲထက်အောင်ဘင်ဘင် (ရန်ကုန်မြို့) | ၂,၀၀၀ |
| ၂၅၀ | ဆောင်းဝတ်ရည်ဝင်း (တ/ဥက္ကလာပမြို့နယ်) | ၁၀,၀၀၀ |
| ၂၅၁ | Wang Xiao (မ/ဥက္ကလာပမြို့နယ်) | ၂၀,၀၀၀ |
| ၂၅၂ | မျိုးနိုင်ထွဋ် (တာမွေမြို့နယ်) | ၇၀၀,၀၀၀ |
| ၂၅၃ | ဦးသိန်းဝင်း မိသားစု (သထုံမြို့) | ၁၀,၀၀၀ |
| ၂၅၄ | ဒေါ်ကြည်လှ (KM Store) (တာမွေမြို့နယ်) | ၅၀၀,၀၀၀ |
| ၂၅၅ | ကိုဇော်ဇော်လင်း+မဝင်းဝင်းငွေ (ကျွန်းလှမြို့) | ၁၀၀,၀၀၀ |
| ၂၅၆ | ရွှေစင်မင်း (စမ်းချောင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၅၇ | ကေရီသိန်းဇော် (ရန်ကုန်မြို့) | ၁၀,၀၀၀ |
| ၂၅၈ | ဒေါ်ခင်လဲ့လဲ့အောင် (ရန်ကင်းမြို့နယ်) | ၅၀,၀၀၀ |
| ၂၅၉ | မောင်မောင်အေးနှင့်မိသားစု (ကျောက်တံတားမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၆၀ | ဝေရာအောင် (ရန်ကင်းမြို့နယ်) | ၁၀,၀၀၀ |
| ၂၆၁ | မင်းသိန်းထွန်း (အလုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၆၂ | ဦးစောမြင့်သိန်း+ဒေါ်ကြည်ကြည်မြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၂၆၃ | စိုင်းထွန်းညီ (မရမ်းကုန်းမြို့နယ်) | ၂၀,၀၀၀ |
| ၂၆၄ | ဒေါ်စုမွန်ထွေး (ထားဝယ်မြို့) | ၁,၀၀၀ |
| ၂၆၅ | သာယာစိုး (ဒေါပုံမြို့နယ်) | ၁၀,၀၀၀ |
| ၂၆၆ | ရီဝေယံ (ဥမြို့နယ်) | ၅,၀၀၀ |
| ၂၆၇ | ဦးကျော်ကျော်ထွန်း+ဒေါ်ယုဇနဆွေ (မရမ်းကုန်းမြို့နယ်) | ၁၀,၀၀၀ |
| ၂၆၈ | ဇော်ဇော်အောင် (အောင်လံမြို့) | ၃၀,၀၀၀ |
| ၂၆၉ | ဦးဝင်းမြင့်သိန်း+ဒေါ်နီလာအောင် (မရမ်းကုန်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၂၇၀ | စိုင်းစံကျော်မင်း (ချမ်းအေးသာဇံမြို့နယ်) | ၁၀,၀၀၀ |
| ၂၇၁ | MNA LTD. & MNG LTD. (ဗိုလ်တစ်ထောင်မြို့နယ်) | ၅၀၀,၀၀၀ |
| ၂၇၂ | ကိုလင်းအောင်ထွန်း (ရန်ကင်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၂၇၃ | ကြည်ဖြူ (လှည်းကူးမြို့နယ်) | ၁၀,၀၀၀ |
| ၂၇၄ | မိုးအိန္ဒယ်နှင့်မိသားစု (တနင်္သာရီတိုင်း) | ၁၀,၀၀၀ |
| ၂၇၅ | ဦးသိန်းအေး+ဒေါ်ခင်စန်းရီ (မြောက်ဒဂုံမြို့နယ်) | ၅၀,၀၀၀ |
| ၂၇၆ | ဦးကျော်ဆန်း+ဒေါ်သန်းစိုး (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၂၇၇ | အောင်မြတ်ထွန်း+နှင်းဦးခိုင် (ကျောက်တံတားမြို့နယ်) | ၅၀,၀၀၀ |
| ၂၇၈ | ဆုပိုင် (ဒဂုံမြို့နယ်) | ၁,၀၀၀ |
| ၂၇၉ | ဦးမြင့်ဦး+ဒေါ်အေးအေးသန်း မိသားစု (လမ်းမတော်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၈၀ | လှမြတ်သူ+ခင်မြတ်နှင်း+ရဲလုံ (ကမာရွတ်မြို့နယ်) | ၃၀,၀၀၀ |
| ၂၈၁ | ယုယုလွင် (ဒေါပုံမြို့နယ်) | ၁,၀၀၀ |
| ၂၈၂ | HTZL (မင်္ဂလာဒုံမြို့နယ်) | ၅၀၀,၀၀၀ |
| ၂၈၃ | ဦးစိုးကြည် (ဘုတ်ပြင်းမြို့) | ၂,၀၀၀ |
| ၂၈၄ | မအေးသီတာမြင့် (မြောက်ဒဂုံမြို့နယ်) | ၂၀,၀၀၀ |
| ၂၈၅ | သီရိဦး (သင်္ဃန်းကျွန်းမြို့နယ်) | ၁၅,၀၀၀ |
| ၂၈၆ | ဗညားသော်ဇင် (ထားဝယ်မြို့) | ၁၀၀,၀၀၀ |
| ၂၈၇ | ဦးစိုးဇော်လတ် (ဗိုလ်တစ်ထောင်မြို့နယ်) | ၃၀,၀၀၀ |
| ၂၈၈ | ထင်ဇော်လင်း (ဆိတ်ဖြူမြို့) | ၅၀,၀၀၀ |
| ၂၈၉ | ယုမွန်ခမ်း (မရမ်းကုန်းမြို့နယ်) | ၁၀,၀၀၀ |
| ၂၉၀ | ဒေါ်ဥမ္မာမြင့် (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၂၉၁ | အောင်နိုင်ဝင်း (ခ) သားထွေး (သင်္ဃန်းကျွန်းမြို့နယ်) | ၁၁,၀၀၀ |
| ၂၉၂ | နှင်းဝင့်လွင် (မြောက်ဒဂုံမြို့နယ်) | ၃,၀၀၀ |
| ၂၉၃ | Yolanda Chang (ရန်ကုန်မြို့) | ၁,၀၀၀ |
| ၂၉၄ | အိအိစိုး (ရန်ကုန်မြို့) | ၁,၀၀၀ |
| ၂၉၅ | ဦးဦးခင် (ရန်ကုန်မြို့) | ၁,၀၀၀ |
| ၂၉၆ | Joseph Kumar (ရန်ကုန်မြို့) | ၁,၀၀၀ |
| ၂၉၇ | ဇော်ဝင်းညွန့်+နေဝါလှိုင် (ရန်ကုန်မြို့) | ၁,၀၀၀ |
| ၂၉၈ | ပြည့်ဝေဖြိုး (ရန်ကုန်မြို့) | ၁,၀၀၀ |
| ၂၉၉ | မိုးသီတာညွန့်လွင် (ရန်ကုန်မြို့) | ၁,၀၀၀ |
| ၃၀၀ | မဥ္စုငွေ (ရန်ကုန်မြို့) | ၁,၀၀၀ |
| ၃၀၁ | ဖူးပွင့်အေးအေး (ချမ်းအေးသာဇံမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၀၂ | သူဇာဟန်(ရန်ကုန်မြို့) | ၁,၀၀၀ |
| ၃၀၃ | Huawei wireless team (စမ်းချောင်းမြို့နယ်) | ၁၁,၁၅၀ |
| ၃၀၄ | ဇာနည်+ခိုင်ဖူး (ရန်ကုန်မြို့) | ၁,၀၀၀ |
| ၃၀၅ | ဦးခင်ညို (အလုံမြို့နယ်) | ၅၀၀,၀၀၀ |
| ၃၀၆ | ဦးဇော်လတ် (ဘားအံမြို့) | ၁၀,၀၀၀ |
| ၃၀၇ | ဒေါ်ခင်ငွေရီ (စမ်းချောင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၀၈ | ခိုင်ယဉ်ဝင်း (ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃၀၉ | ဒေါ်စိုးယဉ်မင်း (သုဝဏ္ဏမြို့နယ်) | ၅၀၀,၀၀၀ |
| ၃၁၀ | ဦးတင်မောင်ဆွေ+ဒေါ်တင်တင်ကြည် (မြစ်သားမြို့) | ၁၀၀,၀၀၀ |
| ၃၁၁ | သင်းသင်း (ကျောက်တံတားမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၁၂ | ဦးကျော်လန်အောင်မှူ (ချမ်းအေးသာဇံမြို့နယ်) | ၅၀,၀၀၀ |
| ၃၁၃ | ဒေါ်ခင်မမ+ဒေါ်ခင်သီတာ(သုဝဏ္ဏမြို့နယ်) | ၅၀၀,၀၀၀ |
| ၃၁၄ | ဦးအောင်ဇော်ထွန်း+ဒေါ်လှလှစန်း(ဗိုလ်တစ်ထောင်မြို့နယ်) | ၅၀၀,၀၀၀ |
| ၃၁၅ | နှင်းနန္ဒာထွန်း (ရန်ကုန်မြို့) | ၁,၀၀၀ |
| ၃၁၆ | Capt. ဥက္ကာ (လှိုင်သာယာမြို့နယ်) | ၅၀၀,၀၀၀ |
| ၃၁၇ | ဒေါ်ခင်ငွေးဆက်နှင့်မိသားစု (စမ်းချောင်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၃၁၈ | သဥ္ဇာဝင်းခိုင် (ဇန်းမော်မြို့) | ၅,၀၀၀ |
| ၃၁၉ | ဦးဗဟိန်းထွန်း+ဒေါ်ခရစ္စတီးနား မိသားစု (သင်္ဃန်းကျွန်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၃၂၀ | ပိုင်ဖြိုးသူ(ရန်ကုန်မြို့) | ၁,၀၀၀ |
| ၃၂၁ | ရှိစ့်+သီရိ (ရန်ကုန်မြို့) | ၁,၀၀၀ |
| ၃၂၂ | ဝင်းအောင် (မရမ်းကုန်းမြို့နယ်) | ၁၀,၀၀၀ |
| ၃၂၃ | ဘူမိဗေဒကျောင်းသားများအသင်း(၁၉၇၂-၁၉၇၅) | ၁၅၀,၀၀၀ |
| ၃၂၄ | ဒေါ်ခင်မာချို (တပ်ကုန်းမြို့) | ၄၇၀,၀၀၀ |
| ၃၂၅ | မသက်မှူးကြယ်စင်အေး (Michelle Aye) USA | ၂၇၀,၀၀၀ |
| ၃၂၆ | ဆုသဥ္ဇာခင် (အင်းစိန်မြို့နယ်) | ၃၀,၀၀၀ |
| ၃၂၇ | ဦးဝင်းကြည်+ဒေါ်ဝေဝေဖြူ မိသားစု (တောင်ဥက္ကလာပမြို့နယ်) | ၆၀၀,၀၀၀ |
| ၃၂၈ | ဒေါက်တာစည်သူလှမြင့် (သင်္ဃန်းကျွန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၂၉ | ဦးတင်မောင်အေးထူး+ဒေါ်ရီရီသန်း၊ သမီး ထူးထူး (သင်္ဃန်းကျွန်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၃၃၀ | ဒေါ်သီသီနွယ် (ဒဂုံဆိပ်ကမ်းမြို့နယ်) | ၂,၀၀၀ |
| ၃၃၁ | စိုးကျော်သူ (ဟသ်ာတမြို့နယ်) | ၁၀,၀၀၀ |
| ၃၃၂ | အောင်နိုင်ဦးနှင့်မိသားစု (မုဒုံမြို့) | ၂၀၀,၀၀၀ |
| ၃၃၃ | ဒေါ်သန်းသန်းဝင်း မိသားစု (မုဒုံမြို့) | ၁၀၀,၀၀၀ |
| ၃၃၄ | ဆရာလေးပညာသာရ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၃၅ | မောင်အောင်လွင် (ကျိုင်းတုံမြို့) | ၂၀,၀၀၀ |
| ၃၃၆ | အေးငြိမ်းစံ (စမ်းချောင်းမြို့နယ်) | ၁၀,၀၀၀ |
| ၃၃၇ | သိန်းဇော်ထွဋ် (ချမ်းအေးသာဇံမြို့နယ်) | ၅,၀၀၀ |

(ဆက်လက်ဖော်ပြပါမည်)

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ထိုင်ဝမ်(တရုတ်-တိုင်ပေ)တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၃ ဦးအား ဟောင်ကောင်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ စီစဉ်သည့် China Airline လေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၄၅ ဦးအား ဟန္နွိုင်းမြို့ရှိ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားလုပ်ငန်းရှင်များအဖွဲ့ချုပ် (MSESF) တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အလားတူ ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာသင်္ဘောသားများ အလုပ်ကျဝန်ထမ်း ပြောင်းလဲခြင်း အကူအညီပေးရေးဗဟိုကော်မတီ (CCSC) တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၈၈ ဦး၊ အိန္ဒိယမှ တစ်ဦး၊ စင်ကာပူမှ ငါးဦး၊ ဩစတြေးလျမှ နှစ်ဦး၊ မနီလာမှ တစ်ဦး၊ ဖိလစ်ပိုင်မှ တစ်ဦး၊ ပနားမားမှ နှစ်ဦး မြန်မာသင်္ဘောသား စုစုပေါင်း ၁၂၅ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ / သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



---

■ *ကျော့ဖုံးမှ*

ပက်အပြည်ပြည်ဆိုင်ရာ အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုရန်ပုံငွေအဖွဲ့မှ အသင်းဝင် ကိုဗစ်-၁၉ လူနာများနှင့် သံသယလူနာအဖြစ် စောင့်ကြည့်ခံနေရသော အသင်းဝင်များအား ကူညီထောက်ပံ့ခဲ့ရာ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် အသင်းသား ၈၆ ဦးကို စုစုပေါင်း ငွေကျပ် ၃၉၁၅၀၀၀၊ နိုဝင်ဘာလတွင် အသင်းသား ၈၇၄ ဦးကို စုစုပေါင်းငွေကျပ် ၄၁၀၀၀၀၀၀ နှင့် ဒီဇင်ဘာလတွင် အသင်းသား ၁၁၆၁ ဦးကို စုစုပေါင်းငွေကျပ် ၅၄၁၆၉၀၀၀ ထောက်ပံ့ပေးနိုင်ခဲ့ပြီး လက်ရှိအချိန်ထိ ထောက်ပံ့ပေးထားသည့် အသင်းသားဦးရေ ၂၁၂၁ ဦးရှိကာ စုစုပေါင်းငွေကျပ် ၉၉၀၈၄၀၀၀ ကို ထောက်ပံ့ပြီးဖြစ်ကြောင်း သိရသည်။

"ပက်အပြည်ပြည်ဆိုင်ရာ အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုရန်ပုံငွေအဖွဲ့အစည်းက ထုတ်ချေးနေတဲ့ မည်သည့်ချေးငွေအမျိုးအစားကိုမဆို ရယူထားတဲ့ အသင်းသားတိုင်း အခုထောက်ပံ့ငွေကို ခံစားခွင့်ရှိပါတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်မှုရှိတဲ့အသင်းသားတွေအတွက် တစ်ဖက်တစ်လမ်းက အကူအညီဖြစ်စေဖို့ အခုလို ထောက်ပံ့ပေးခြင်းဖြစ်ပါတယ်" ဟု PGMF မှ တာဝန်ရှိသူ မစ္စတာဖာမစ်ဇူရီယာက ပြောသည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း၌ ကိုဗစ်-၁၉ကပ်ရောဂါကြောင့် အလုပ်အကိုင်များ ရပ်နားထားရပြီး စားဝတ်နေရေး အခက်အခဲရှိသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ သန်လျင်၊ ကျောက်တန်း၊ ရွှေပြည်သာမြို့နယ်များရှိ အသင်းသား စုစုပေါင်း ၁၇၄၉၈ ဦးအတွက် ငွေကျပ်သိန်းပေါင်း တစ်ထောင့်ရှစ်ရာကျော်တန်ဖိုးရှိ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ကြက်သွန်၊ အာလူး၊ ကုလားပဲ စသည်တို့ကို ရပ်ကွက်နှင့် ကျေးရွာများအရောက် ပက်အပြည်ပြည်ဆိုင်ရာ အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုရန်ပုံငွေအဖွဲ့အစည်းမှ ဝန်ထမ်းများက သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ထို့ပြင် အဆိုပါမြို့နယ်များရှိ ကိုဗစ်-၁၉ ထိန်းချုပ်ရေးကော်မတီများနှင့် ရပ်/ကျေး အုပ်ချုပ်ရေးရုံးများသို့လည်း နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များလှူဒါန်းခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်များပါဝင်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးကြောင်း သိရသည်။

ပက်အပြည်ပြည်ဆိုင်ရာ အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုရန်ပုံငွေအဖွဲ့သည် ကျေးလက်ဒေသနေ အသက် ၁၈ နှစ်မှ အသက် ၆၀ အကြား မည်သူမဆို အသင်းဝင်အဖြစ် ချေးငွေရယူနိုင် ပြီး PGMF အနေဖြင့် လက်ရှိတွင် စီးပွားရေးလုပ်ငန်းချေးငွေ၊ ပစ္စည်းကိရိယာ အရစ်ကျဝယ်ယူခြင်းချေးငွေ၊ ထပ်ဆောင်းချေးငွေ၊ လူနေမှုအဆင့်မြှင့်တင်ရေး ချေးငွေ၊ ကျန်းမာရေးချေးငွေ၊ ပညာရေးချေးငွေများကို ထုတ်ချေးပေးလျက် ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - PGMF**

---

*စာမျက်နှာ ၇ မှ*

အလေးထား ဆောင်ရွက်မှာ ဖြစ်သလို ကျွန်တော်က စီးပွားရေးတက္ကသိုလ်ကျောင်းဆင်းဆိုတော့ စီးပွားရေးတိုးတက်ဖို့အတွက်လည်း တိုင်းပြည်အတွက် အရေးကြီးတယ်လို့ မြင်ပါတယ်။ ပြည်သူတွေစားဝတ်နေရေး အဆင်ပြေဖို့လည်း အဓိကကျပါတယ်။ ကျွန်တော်က ပြီးခဲ့တဲ့ လွှတ်တော်သက်တမ်းမှာ ပြည်သူ့လွှတ်တော်မှာ ပြည်သူ့ငွေစာရင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော်ငွေစာရင်းပူးပေါင်းကော်မတီမှာ ပါပါတယ်။ တိုင်းပြည်စီးပွားရေးတိုးတက်ဖို့အတွက် ဘတ်ဂျက်တွေရေးဆွဲတာကို စိစစ်ရပါတယ်။ ဘတ်ဂျက်တွေရေးဆွဲ အတည်ပြုပြီး သုံးစွဲတဲ့အခါမှာလည်း မှန်မှန်နဲ့သုံးစွဲဖို့အတွက် စစ်ဆေးရပါတယ်၊ အဆိုပြုရတယ်။ အဲဒီတော့ ဘတ်ဂျက်ရေးဆွဲတာ၊ သုံးစွဲတာတွေကို အဓိကထားပြီး အဆိုတွေတင်တယ်၊ ဆွေးနွေးတယ်။

Other Account တွေကို ခေတ်နဲ့မလျော်ညီတော့တဲ့အတွက် ဖျက်သိမ်းဖို့အဆိုတင်တယ်။ ဒါတွေလည်း အောင်မြင်ခဲ့တယ်။ ပြည်ထောင်စုလွှတ်တော်မှာ ဆိုရင်လည်း ပြည်ပချေးငွေနဲ့ပတ်သက်ပြီး ဆွေးနွေးတယ်။ ပြည်ပချေးငွေက တိုင်းပြည်အတွက် အရေးကြီးတယ်။ ကျွန်တော်တို့ခေတ်ကျတော့ ချေးငွေ မချေးလို့မရဘူး။ တိုင်းပြည်မှာ ဘတ်ဂျက်က အပြည့်အဝမရှိတာကြောင့် ပြည်ပချေးငွေလိုတယ်။ ချေးတဲ့နေရာမှာလည်း နိုင်ငံအတွက် ပြန်ရမယ့်၊ အကျိုးရှိမယ့်ချေးငွေတွေကို ချေးစေချင်တယ်။ ဝင်ငွေပြန်ရမယ့်ချေးငွေတွေဆိုရင် ကျွန်တော်ထောက်ခံတယ်၊ ချေးစေချင်တယ်။ နောက်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေကိုလည်း အကျိုးရှိမယ့် ချေးငွေတွေချေးဖို့ တိုက်တွန်းတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေတွေကိုလည်း ကျွန်တော်တို့ပြင်ခဲ့တယ်။ ဘာလို့လဲဆိုရင် အခွန်နဲ့ပတ်သက်ပြီး နှစ်ချုပ်စာရင်းတွေကို ပြင်ပ Audit က စစ်တယ်။ စစ်ပြီးတော့အတည်ပြုတယ်။ အဲဒါကြောင့် ကျွန်တော်တို့က လိုအပ်ရင် ပြည်ထောင်စုစာရင်းစစ်ချုပ်က စစ်ပေးပါ။ ဘာလို့လဲဆိုရင် အခွန်တွေက စစ်မှလည်း မှန်မှန်ကန်ကန် ဖြစ်လာမယ်။ လာမယ့် လွှတ်တော်သက်တမ်းငါးနှစ်မှာလည်း ဒါတွေကိုကြိုးစားပြီး လုပ်သွားမယ်လို့ ပြောကြားလိုပါတယ်။

**ဦးကျော်မင်းဦး ( ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မင်းတုန်းမြို့နယ်)**

ကျွန်တော်တို့ဒေသက တောင်သူလယ်သမားများတဲ့အတွက် တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးကို များစွာစိတ်ဝင်စားပါတယ်။ ကျွန်တော်တို့က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကနေ ရွေးချယ်ခံထားတာကြောင့် ရွေးကောက်ပွဲကြေညာစာတမ်းကို အခြေခံပြီးတော့ အဲဒီမူဘောင်ထဲကနေ ကြိုးစားသွားမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တစ်ဖက်မှာလည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကိုလည်း ဖွံ့ဖြိုးတိုးတက်အောင်လုပ်ပြီး အစုအဖွဲ့သစ်တောတွေကိုလည်း တိုးတက်အောင်လုပ်ရပါမယ်။ အထူးသဖြင့် စိုက်ပျိုးမှုနဲ့ ထုတ်လုပ်တဲ့အပိုင်းကို အဆင့်မြှင့်ဖို့လိုပါတယ်။

နည်းပညာတိုးတက်ဖို့၊ စပ်မျိုးကောင်းတွေ၊ မျိုးကောင်းမျိုးသန့်တွေနဲ့ မြေသြဇာကိုလည်း ခေတ်မီပြီး ဓာတုကင်းလွတ်တဲ့ မြေသြဇာတွေ လိုပါတယ်။ ဒါမျိုးတွေ လုပ်တတ်မှသာလျှင် တောင်သူလယ်သမားများရဲ့ ထုတ်လုပ်နိုင်မှု မြင့်တက်လာပြီး ထုတ်လုပ်တဲ့ပစ္စည်းကလည်း အရည်အသွေးတွေမြင့်တက်လာပါမယ်။ ဒါမှ ကမ္ဘာ့ဈေးကွက်မှာ ရောင်းပန်းလှလာမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးက တောင်သူများအတွက် ရာသီဥတုအခြေအနေကြောင့် စားဖို့လောက်ပဲ တချို့အဆင်ပြေတာပါ။ တကယ်စီးပွားဖြစ်ဖို့အတွက်ဆိုရင် သစ်တောကဏ္ဍတွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ မင်းတုန်းမြို့နယ်က သစ်တောတွေ တော်တော်ထူထပ်တဲ့အတွက် ဒါတွေကိုအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ပြီး ကောင်းကောင်းထိန်းသိမ်းနိုင်မယ်ဆိုရင် မင်းတုန်းမြို့ဟာ ဖွံ့ဖြိုးတိုးတက်နိုင်ပါတယ်။ မင်းတုန်းပြည်သူတွေကို လွှတ်တော်အသံ ပြည်သူ့အသံ၊ လွှတ်တော်ဆန္ဒ ပြည်သူ့ဆန္ဒ၊ ပြည်သူလူထုအကျိုး လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့အတွက် ပြည်သူတွေက မိမိရဲ့အကျိုးအတွက် ဘာတွေလုပ်ပေးသင့်တယ်၊ ဘာတွေဖြစ်သင့်တယ်ဆိုတာကို ကျွန်တော်တို့ လွှတ်တော်ကပြီးလို့ ပြန်လာတဲ့အချိန်မှာ တင်ပြဖို့ရန် အခုကတည်းက တွေးထားစေချင်ပါတယ်။ ကိုယ့်မြို့နယ်၊ ကိုယ့်ဒေသ အခက်အခဲတွေကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း နွေးနွေးထွေးထွေး တစ်ယောက်နဲ့တစ်ယောက် ဆွေးနွေးစေချင်ပါတယ်။ ပြည်သူကခိုင်းဖို့ ရွေးချယ်ခံထားရတဲ့အတွက် ဒီမိုကရေစီအစိုးရ ဖြစ်တာကြောင့် ပြည်သူအနေဖြင့် ရဲရဲဝင့်ဝင့် တင်ပြစေချင်ပါတယ်။ ပြည်သူတွေအနေနဲ့ ကျွန်တော်တို့ကို ခိုင်းပါ။ ခိုင်းလည်း ခိုင်းစေချင်ပါတယ်။

**ဦးအောင်ဟိန်းမင်း(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဖားကန့်မြို့နယ်)**

ကျွန်တော်တို့အနေနဲ့ ပါတီရဲ့ ရွေးကောက်ပွဲ ကြေညာစာတမ်းမှာပါတဲ့ အချက်တွေကိုပဲ အဓိက အကောင်အထည်ဖော်သွားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ သီးခြားရွေးကောက်ပွဲကတိကဝတ်ပေးခဲ့တာတော့ မရှိဘူး။ ဒါပေမယ့် ကျွန်တော်တို့ လုပ်သွားမယ့် လုပ်ငန်းစဉ်ကိုတော့ ကတိပေးခဲ့ပါတယ်။ ဘယ်လိုရလဒ်ရမယ်လို့တော့ ကတိမပေးခဲ့ပါဘူး။ ကျွန်တော်တို့ကိုယ်စားလှယ်တစ်ယောက်လုပ်ရမယ့် အခြေခံအကျဆုံးဖြစ်တဲ့ ဒေသဖွံ့ဖြိုးရေးကတော့ ဦးစားပေးပြီး လုပ်ပါမယ်။ ကျွန်တော်နေတဲ့ ဖားကန့်ဒေသက အခွန်အခတွေ အများကြီးရနေပေမယ့် ဒေသဖွံ့ဖြိုးမှုကတော့ အားနည်းနေပါသေးတယ်။ လမ်းပန်းဆက်သွယ်ရေးတွေ ခက်ခဲနေသေးတယ်။ ဒါတွေကိုဦးစားပေးလုပ်ဖို့ရှိတယ်။

ကျွန်တော်ကိုယ်တိုင်က လူငယ်ဖြစ်တဲ့အတွက် လူငယ်ကဏ္ဍကို ပီပီပြင်ပြင် ဖြစ်လာအောင် လူငယ်မူဝါဒ ရှိထားတဲ့အပေါ်မှာ သက်ဝင် အကောင်အထည်ဖော်နိုင်အောင် လုပ်သွားမှာပါ။ နောက်တစ်ချက်အနေနဲ့ သယံဇာတတူးဖော်တဲ့နေရာမှာ ဥပဒေနဲ့အညီ စနစ်တကျ တူးဖော်နိုင်အောင်နဲ့ ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်သွားဖို့ရှိပါတယ်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု မဖြစ်စေဖို့ ဦးစားပေး အလေးထားပြီး သယံဇာတတူးဖော်တဲ့ ပုံစံမျိုးဖြစ်အောင် တိုက်တွန်းသွားဖို့ရှိပါတယ်။

မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးကဏ္ဍမှာလည်း ဆောင်ရွက်ဖို့ရှိပါတယ်။ မူးယစ်ဆေးဝါးဆိုတာက တစ်ယောက်တည်း၊ တစ်ဖွဲ့တည်းက တားဆီးနိုင်တဲ့အရာ မဟုတ်ဘူး။ ဒါကြောင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာဖြစ်တယ်။ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးအတွက် တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တိုင်း၊ အဖွဲ့အစည်းတိုင်းနဲ့ ညှိနှိုင်းဆောင်ရွက်သွားဖို့ ရှိပါတယ်။ မူးယစ်ဆေးဝါးပပျောက်အောင် ဆောင်ရွက်တဲ့အခါမှာ အစားထိုးတဲ့လုပ်ငန်းကလည်း အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့် အားကစားကဏ္ဍတွေ ပီပီပြင်ပြင်ဖြစ်လာအောင် ဆောင်ရွက်သွားဖို့ စဉ်းစားထားပါတယ်။ ကျွန်တော့်အနေနဲ့ မဲဆန္ဒနယ်အဝေးမှာ ရောက်နေပေမယ့် ကျွန်တော့်ဒေသကို အမြဲနားစွင့်နေတယ်။ နောက်ပြီး အခက်အခဲရှိသမျှ ပြဿနာတွေကိုလည်း လူချင်းတွေ့မှ မဟုတ်ဘဲ အဝေးမှာရောက်နေရင်လည်း တင်ပြဆက်သွယ်လို့ရပါတယ်။

**ဦးမျိုးမင်းဦး (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကံမမြို့နယ်)**

ကျွန်တော့်အနေနဲ့ ကိုယ့်မြို့နယ် ဖွံ့ဖြိုးရေးအတွက်ကတော့ လုပ်သွားမှာဖြစ်ပါတယ်။ အဓိကတော့ ပြည်သူတွေ လိုအပ်နေတဲ့ အခြေခံစီးပွားရေးအဆောက်အအုံပေါ့။ လမ်း၊ တံတား၊ ကျန်းမာရေးတွေ၊ ပညာရေးတွေ ပြည့်စုံအောင် ဆောင်ရွက်မယ်။ ဒါကတော့ မေးခွန်းအနေနဲ့ သွားမှာပေါ့။ နောက်တစ်ခုက လျှပ်စစ်မီးနဲ့ အဓိကကျတဲ့ အလုပ်အကိုင်အခွင့်အလမ်းဖြစ်ပါတယ်။ နိုင်ငံရေးနဲ့ ပတ်သက်လို့ ပါတီရဲ့ရွေးကောက်ပွဲကြေညာစာတမ်းအတိုင်း ဆက်လက်ဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်။ ဒီမိုကရေစီဖက်ဒရယ်ဖွဲ့စည်းပုံပေါ်ပေါက်ရေးကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ စွမ်းစွမ်းတမံ ဆောင်ရွက်သွားမယ်လို့ ရည်ရွယ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအနေအထားအရ ကဏ္ဍပေါင်းစုံမှာ လိုအပ်ချက်တွေရှိနေပါတယ်။ ဒါကြောင့် ဘယ်ကဏ္ဍကို ဦးစားပေးမယ်ဆိုတာထက် ဖွံ့ဖြိုးရေးကတော့ ကဏ္ဍပေါင်းစုံလုပ်ရမယ်။ လမ်းပန်းဆက်သွယ်ရေးအပိုင်းဆိုရင်လည်း ပြီးခဲ့တဲ့ ငါးနှစ်သက်တမ်းမှာ လုပ်ခဲ့လို့ မပြီးပြတ်သေးတာတွေရှိတယ်။ ကျေးလက်လမ်းတွေဆိုရင်လည်း မဖောက်လုပ်ရသေးတဲ့ ကျေးလက်လမ်းတွေ ဆက်ဖော်ဖို့လိုတယ်။ ဖောက်ပြီးသား ကျေးလက်လမ်းတွေလည်း အဆင့်မြှင့်တင်ဖို့လိုတယ်။

ပညာရေး အပိုင်းကျတော့လည်း ပြောင်းလဲထားတဲ့ ပညာရေးစနစ်နဲ့အညီ လိုက်နိုင်အောင်၊ ပြည်သူကိုလည်း နားလည်အောင် ဆောင်ရွက်နိုင်ဖို့ လိုပါတယ်။ အခုပြောင်းလဲထားတဲ့ ပညာရေးစနစ်ကိုလည်း သဘောကျပါတယ်။ နောက်ပြီး ပြည်သူတွေအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ခံပိုင်ခွင့် အပြည့်အဝရဖို့အတွက် လိုအပ်တာတွေကို ကိုယ့်မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက မေးခွန်းမေးမြန်းပြီး အစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်သွားလို့ရပါတယ်။ အဓိက အလေးထားပြီး ဆောင်ရွက်ချင်တာက လူငယ်ကဏ္ဍဖြစ်ပါတယ်။ လူငယ်ဖွံ့ဖြိုးရေးတွေ လုပ်ဖို့လိုတယ်။ လူငယ်တွေကို အကျိုးရှိတဲ့နေရာမှာ အချိန်ကုန်စေချင်တယ်။ လူငယ်အသင်းအဖွဲ့လေးတွေ ပေါ်ပေါက်လာအောင် ဆောင်ရွက်မယ်လို့ ရည်ရွယ်ပါတယ်။ ကျွန်တော့်အမြင်ကတော့ ပြည်သူတွေကို အခွင့်အလမ်းတွေ ဖွင့်ပေးဖို့ပဲ လိုအပ်ပါတယ်။ ဒီလိုအခွင့်အလမ်းတွေဖွင့်ပေးလိုက်ရင် သူတို့ဘာသာသူတို့လုပ်နိုင်တဲ့ စွမ်းရည်ရှိတဲ့ ပြည်သူလူထုဖြစ်ဖို့ မျှော်လင့်ပါတယ်။

**တွေ့ဆုံမေးမြန်း - မျိုးမင်းနိုင်**
**ဓာတ်ပုံ- ဟိန်းမင်းစိုး**

# မြဝတီမြို့၌ အမိုနီယမ်နိုက်ထရိတ် ကီလို ၂၈၅၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၄**
ကရင်ပြည်နယ် မြဝတီမြို့၌ ဇန်နဝါရီ ၂၃ ရက်က အမိုနီယမ်နိုက်ထရိတ်များ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၃ ရက် ညနေ ၆ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မြဝတီမြို့ (၅) ရပ်ကွက်အနီး၌ စောင့်ဆိုင်းနေစဉ် (၄) ရပ်ကွက်နေ ကျော်မင်းဦး (၃၈နှစ်) မောင်းနှင်ပြီး (၃) ရပ်ကွက်နေ ဇော်သက် (၄၁နှစ်) ပါ သုံးဦးလိုက်ပါလာသည့် YGN 8L/– – – ကန်တာယာဉ်နှင့် ကျောက်ဆည်မြို့နေ ထွန်းထွန်း (၃၁ နှစ်) မောင်းနှင်လာသည့် KYN 9K/– – – ဟွန်ဒါဖစ်ယာဉ်နှစ်စီးတို့ကို ရပ်တန့်စစ်ဆေးရာ 8L/– – – ယာဉ်ပေါ်ရှိ ဆာလာအိတ် ၇၅ အိတ်အတွင်းမှ အမိုနီယမ်နိုက်ထရိတ် ၂၈၅၀ ကီလို သိမ်းဆည်းရမိခဲ့သည်။


ထွန်းထွန်း၊ ကျော်မင်းဦး၊ ဇင်ဖြိုးလေး၊ ထက်ရှိုင်းလင်း၊ ဇော်သက်တို့ကို ဖမ်းဆီးရမိသည့် တရားမဝင်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးမေးမြန်းချက်အရ အမိုနီယမ်နိုက်ထရိတ်များအား ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ မြဝတီမြို့သို့ ပေးပို့ထားရှိကာ မြဝတီမြို့ မေတ္တာလင်းမြိုင်ကျေးရွာနေ ဦးဘဆွေ ပိုင်ဆိုင်သော ဂိုဒေါင်အတွင်း၌ သိမ်းဆည်းထားခြင်း ဖြစ်ကြောင်း သိရှိရသောကြောင့် ကျော်မင်းဦးပါ ငါးဦးအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲပြန်ကြား**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၄**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၂ ရက် ညနေ ၅ နာရီတွင် မြစ်ကြီးနားမြို့နယ် ရှဒေါင်ကျေးရွာအနီး မြစ်ကြီးနား–နမ္မတီးသွားကားလမ်းတွင် မညွန့်ခင်(ခ)ရှမ်းမ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူသုည ဒသမ ၉၉ ကီလိုကို လည်းကောင်း၊ အလားတူ ဇန်နဝါရီ ၂၃ ရက် နံနက် ၁၁ နာရီခွဲတွင် မိုးညှင်းမြို့ အောင်သပြေရပ်ကွက်နေ မခေါန်တောင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄၅ ပြားနှင့် ဘိန်းဖြူ သုည ဒသမ ၀၀၅ ကီလိုကိုလည်းကောင်း။


အောင်ထွန်းဝင်း(ခ)အာရှင်း၊ မစုစုခိုင်၊ အောင်ဝင်း၊ အာမင် တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီခွဲတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက် မြို့မတံတားအနီး၌ အောင်ထွန်းဝင်း(ခ)အာရှင်း မောင်းနှင်လာသော မော်တော်ယာဉ်နှင့်အတူ အာမင် မောင်းနှင်ပြီး အောင်ဝင်းနှင့် မစုစုခိုင်တို့ လိုက်ပါလာသည့် မော်တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၄၅၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ် (၅) ရပ်ကွက်တွင် မသင်္ကာဖွယ်တွေ့ရှိသူ နိုင်လင်းထွန်း(ခ) ဘာဘူအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ၎င်းနေထိုင်သည့် အမှတ်(၅)ရပ်ကွက်ရှိ အမှတ်(၅။၄၅၃–ခ) အခန်း (၇)သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၊ ဆေးခြောက်သုည ဒသမ ၀၁၂ ကီလို၊ အိုက်စ် သုည ဒသမ ၀၅ ကီလိုနှင့် ဘိန်းဖြူ သုည ဒသမ ၀၈၆ ကီလိုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ ညနေ ၃ နာရီ မိနစ် ၄၀ တွင် အဆိုပါနေအိမ်ရှေ့သို့ ရောက်ရှိလာသည့် ဣန္ဒဟန်(ခ)ဣန္ဒ မောင်းနှင်လာသော မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# မြန်မာ MMA ကစားသမား ထီရယ်လ်ထန်၏တွဲဆိုင်းပါဝင်မည့် ပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၄**
မြန်မာ MMA ကစားသမား ထီရယ်လ်ထန်၏ တွဲဆိုင်းပါဝင်မည့် ပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်။ ONE Championship က စီစဉ်သည့် Unbreakable III အမည်ရပြိုင်ပွဲတွင် ထီရယ်လ်ထန်၏တွဲဆိုင်း ပါဝင်လာခြင်းဖြစ်သည်။

ONE Championship သည် ၂၀၂၁ ခုနှစ်တွင် ပြိုင်ပွဲများကို ယခုလကတည်းက စတင်ကျင်းပနေခြင်းဖြစ်ပြီး ပထမဆုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပခဲ့ကာ ဒုတိယပြိုင်ပွဲကို ဇန်နဝါရီ ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ထီရယ်လ်ထန်၏ပွဲစဉ်မှာ တတိယမြောက်ပြိုင်ပွဲဖြစ်သည့် ဖေဖော်ဝါရီ ၅ ရက်တွင်ကျင်းပမည့်ပြိုင်ပွဲတွင် ပါဝင်လာခြင်းဖြစ်သည်။ ထီရယ်လ်ထန်သည် ONE Championship နှင့် ၂၀၁၉ ခုနှစ်တွင် စတင်လက်တွဲခဲ့ပြီး ယင်းနှစ်တွင် နှစ်ပွဲထိုးသတ်ခဲ့ရာ နှစ်ပွဲစလုံး အနိုင်ရခဲ့သည်။ ထီရယ်လ်ထန်သည် ၂၀၁၉ ခုနှစ် မတ်လတွင် ရန်ကုန်မြို့၌ ကျင်းပသည့်ပြိုင်ပွဲတွင် ကမ္ဘောဒီးယားနိုင်ငံသား ဆာရော့သ်ကို လည်းကောင်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာတွင် မလေးရှားနိုင်ငံ၌ ကျင်းပသည့်ပြိုင်ပွဲတွင် တောင်ကိုရီးယားနိုင်ငံသား ကင်ဝမ်ကွမ်ကိုလည်းကောင်း အနိုင်ရခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်–၁၉ ရောဂါကြောင့် ပြိုင်ပွဲများ ထိုးသတ်ရခြင်းမရှိဘဲ ၂၀၂၁ ခုနှစ်မှ ပြန်လည်ထိုးသတ်ရခြင်းဖြစ်သည်။

မြန်မာနာမည်ကြီး MMA ကစားသမား အောင်လအန်ဆန်သည် ထီရယ်လ်ထန်နှင့်အတူ စင်ကာပူနိုင်ငံသို့ ရောက်ရှိနေပြီး ပြိုင်ပွဲအတွက် ပြင်ဆင်ရာတွင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **ညီမြတ်သော်တာ**

### ● *ကျောဖုံးမှ*

လေ့ကျင့်ရေးခန်းမ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်စည်းကမ်းနှင့်အညီ ကျင်းပသည်။ ရှေးဦးစွာ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် နည်းစနစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမြသိန်းနှင့် နည်းစနစ်ကော်မတီအဖွဲ့ဝင်များက ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။ ထို့နောက် တွဲဖက်အတွင်းရေးမှူး ဦးမြသိန်းက ပြိုင်ပွဲတွင် အောင်ဆန်းကလပ်မှ Cadet level 1 တွင် ရွှေတံဆိပ်ဆုရ ထူးလရောင်၊ Junior level 1 တွင် ငွေတံဆိပ်ဆုရ စစ်နိုင်သီဟဇော်၊ ကြေးတံဆိပ်ဆုရရှိခဲ့ကြသော Cadet level 2 တွင် လင်းလွန်းတံခွန်၊ Cadet level 2 တွင် ဟိန်းခန့်ကျော်၊ Junior level 1 တွင် လင်းလက်အောင်တို့အား ကမ္ဘာ့တိုက်ကွမ်ဒိုအဖွဲ့ချုပ်က ပေးပို့သော ဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းများနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်နည်းစနစ်ကော်မတီက ချီးမြှင့်သည့် ဆုတံဆိပ်များ ပေးအပ်သည်။ ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၄၃ နိုင်ငံမှ ကစားသမားပေါင်း ၃၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **အာကာစိုး**

### ❍ *ကျောဖုံးမှ*

စွမ်းဆောင်ထားနိုင်ပြီး အဆိုပါ ကိုးပွဲတွင် ၁၀ ဂိုးသာ သွင်းယူထားနိုင်သည်ကို တွေ့ရသည်။ ထို့အပြင် ပရီမီယာလိဂ်နောက်ဆုံးခြောက်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားသည့် ဝုဖ်အသင်းသည် ပရီမီယာလိဂ် ၁၉ ပွဲတွင် ခြောက်ပွဲနိုင်၊ လေးပွဲသရေကျကာ ကိုးပွဲအထိ ရှုံးထားသည့်အတွက် ရမှတ် ၂၂ မှတ်သာရရှိထားသည်။ ထို့ကြောင့် ဝုဖ်အသင်းသည် တိုက်စစ်ပိုင်း ဂိုးသွင်းနှုန်းကျဆင်းနေချိန်တွင် ဆိုစီဒက်အသင်းမှ ဂျိုစ်ကို ခေါ်ယူလိုက်ခြင်းက ကောင်းမွန်သောခေါ်ယူခြင်းဖြစ်လာမလား စောင့်ကြည့်ရမည်ဖြစ်သည်။

ဘရာဇီး ယူ–၂၀ ကစားသမားဟောင်း ဂျိုစ်သည် ကစားသမားဘဝကို ဘရာဇီးကလပ် Barueri အသင်းတွင် စတင်ခဲ့သူဖြစ်ပြီး ဥရောပသို့ အမြဲတမ်းစာချုပ်ဖြင့် ပြောင်းရွှေ့မကစားမီ ရီးရဲမက်ဒရစ်၊ ဇာရာဂိုဇာစသည့်အသင်းများတွင် အငှားဖြင့် ကစားခဲ့ဖူးသူလည်းဖြစ်သည်။ ဂျိုစ်သည် ဝုဖ်အသင်းတွင် ဂျာစီနံပါတ် ၁၂ ကို ဝတ်ဆင်ကစားသွားဖွယ်ရှိသည်။ **အောင်ဇော်**

# နွားထိုးကြီးမြို့နယ် ကန်နားရဲတပ်ဖွဲ့က ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**နွားထိုးကြီး ဇန်နဝါရီ ၂၄**
မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်ရဲတပ်ဖွဲ့ ကန်နားနယ်မြေရဲစခန်းမှူး ရဲအုပ် မင်းဇော် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ကန်နားရွာလယ်လမ်းမကြီးတစ်လျှောက် ဇန်နဝါရီ ၂၂ ရက်က စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြသည်။

အလားတူ နွားထိုးကြီးမြို့မရဲစခန်း၊ ပြင်စည်ရဲစခန်း၊ ဝက်လူးရဲစခန်းများတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် လုပ်ဆောင်ကြကြောင်း သိရသည်။ **ဌေးမြင့်မောင်**



# Mobile Legends World ချန်ပီယံရှစ် ဂိမ်းပြိုင်ပွဲ Grand final တွင် မြန်မာကိုယ်စားပြု Burmese Ghouls အသင်း ဒုတိယရရှိ

**ရန်ကုန် ဇန်နဝါရီ ၂၄**
စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူလက်ခံကျင်းပသည့် အရှေ့တောင်အာရှ၏ လူကြိုက်အများဆုံး Esports ဂိမ်းအမျိုးအစားများမှ တစ်ခုဖြစ်သည့် Mobile Legends: Bang Bang ၏ အဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်သည့် Mobile Legends World Championship M2 Esport ဂိမ်း ပြိုင်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပရာ မြန်မာကိုယ်စားပြု Burmese Ghouls အသင်း ရှုံးနိမ့်သွားခဲ့သည်။

အဆိုပါဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Burmese Ghouls အသင်းက ပြိုင်ဘက်အသင်းများအား အဆင့်ဆင့် ကျော်ဖြတ်ကာ Grand Final ၌ ဖိလစ်ပိုင်နိုင်ငံ ကိုယ်စားပြု Bren Esports အသင်းနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ နောက်ဆုံးပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် ပွဲစဉ်ပေါင်း ခုနစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြု Burmese Ghouls အသင်းက ပထမနှစ်ပွဲတွင် ရှုံးနိမ့်ကာ သုံးပွဲဆက်ပြန်လည်အနိုင်ရရှိပြီးမှ နောက်ဆုံးနှစ်ပွဲဆက် ပြန်ရှုံးသွားသဖြင့် ဖိလစ်ပိုင်နိုင်ငံကိုယ်စားပြု Bren Esports အသင်းက လေးပွဲ–သုံးပွဲဖြင့် နိုင်ကာ ဗိုလ်စွဲသွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ Mobile Legends World ချန်ပီယံရှစ်ပြိုင်ပွဲကြီးကို နိုင်ငံပေါင်းကိုးနိုင်ငံမှ အသင်းပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **အာကာလင်း**



ပြိုင်ပွဲဝင် Burmese Ghouls အသင်း။

**အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင် မူးယစ်ဆေး**

## ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၀၀ နီးပါး ထပ်တိုး

**ဘန်ကောက် ဇန်နဝါရီ ၂၄**

ထိုင်းနိုင်ငံ၌ ဇန်နဝါရီ ၂၄ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၉၈ ဦးထပ်တိုးခဲ့ပြီး ရောဂါကြောင့်သေဆုံးသူ တစ်ဦးထပ်တိုးလာကြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအခြေအနေ စီမံခန့်ခွဲရေးစင်တာမှ ဖော်ပြချက်အရ သိရသည်။

ရောဂါအသစ်ထပ်မံကူးစက်ဖြစ်ပွားသူများအနက် ၁၉၁ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး ခုနစ်ဦးမှာ ပြည်ပမှ ပြန်ရောက်လာသူများဖြစ်ကြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအခြေအနေစီမံခန့်ခွဲရေးစင်တာ ပြောရေးဆိုခွင့်ရှိသူ အပီဆာမိုင် ဆရီရှန်ဆန်က ပြောသည်။

**စစ်ဆေးမှုမှတစ်ဆင့် ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်**

ပြည်တွင်းကူးစက်မှုဖြစ်ပွားသူများအနက် ၇၂ ဦးသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ အနောက်တောင်ပိုင်း ဆာမတ် ဆာခွန်ရှိ စက်ရုံများနှင့် လူမှုအဖွဲ့အစည်းများအတွင်း လက်ရှိလုပ်ဆောင်နေသည့် ကိုဗစ် - ၁၉ စစ်ဆေးမှုမှတစ်ဆင့် ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားသူ ၁၃၅၀၀ အထိရှိလာခဲ့ပြီး ပြည်တွင်း၌ကူးစက်ခံရသူ ၁၁၁၃၆ ဦး ရှိကာ ၂၃၆၄ ဦးမှာ ပြည်ပမှပြန်ရောက်လာပြီး ရောဂါပိုးတွေ့ရှိသူများဖြစ်ကြောင်း အပီဆာမိုင်က ပြောသည်။ ရောဂါပျောက်ကင်းသွားသူ ၁၀၅၆၇ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ



ထိုင်းနိုင်ငံတွင် ယာဉ်မောင်းသူများကို အပူချိန်တိုင်းစစ်ဆေးစဉ်။

## ရုရှားနိုင်ငံတွင် ဆန္ဒပြသူ ထောင်ချီထိန်းသိမ်းခံရ

**မော်စကို ဇန်နဝါရီ ၂၄**

ရုရှားအတိုက်အခံ ခေါင်းဆောင် အလက်ဆီနာဗယ်နီကို လွှတ်ပေးရန် တောင်းဆိုသည့် ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သည့် ဆန္ဒပြသူ ၃၀၀၀ ကျော်ကို အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ရုရှားအတိုက်အခံ ခေါင်းဆောင် နာဗယ်လ်နီကို ဇန်နဝါရီ ၁၇ ရက်က ဂျာမနီနိုင်ငံမှပြန်ရောက်လာပြီးနောက် ဖမ်းဆီးခဲ့သည်။ နာဗယ်လ်နီသည် ပြီးခဲ့သည့်လအတွင်း ဓာတုအဆိပ်လက်နက်ဖြင့် တိုက်ခိုက်ခံခဲ့ရပြီး ဂျာမနီနိုင်ငံတွင် သွားရောက်ကုသမှု ခံယူခဲ့ရကြောင်း သိရသည်။

ဇန်နဝါရီ ၂၃ ရက်က မော်စကိုမြို့လယ်ကောင်၌ ပြည်သူ ၄၀၀၀၀ ခန့် စုဝေးကာ အတိုက်အခံခေါင်းဆောင်ကို ပြန်လွှတ်ပေးရန် တောင်းဆို ဆန္ဒပြခဲ့ကြသည်။ အာဏာပိုင်များက ဆန္ဒပြမှုကို ခွင့်ပြုချက် မပေးခဲ့ကြောင်းနှင့် လူစုခွဲကြရန် အမိန့်ပေးခဲ့ပြီး အမိန့်မနာခံသူများကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ နာဗယ်လ်နီ၏ ဇနီးဖြစ်သူ ယူလီယာကိုလည်း ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။



ရုရှားနိုင်ငံတွင် ဆန္ဒပြသူများကို ရဲများက တားဆီးနေစဉ်။

လွတ်လပ်သော လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့၏ပြောပြချက်အရ မြို့ကြီးများနှင့်မြို့ငယ်ပေါင်း ၁၁၀ ကျော်တို့မှ ဆန္ဒပြသူ ၃၀၀၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ရုရှားနိုင်ငံ၏ စီးပွားရေးသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုဖြစ်ခဲ့သည်။ နိုင်ငံအတွင်းကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ အရေအတွက်မှာ ဇန်နဝါရီ ၂၃ ရက်တွင် ၂၀၀၀၀ ကျော်အထိ ရှိခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးထားသူများက အခြားသူများကို ရောဂါဖြန့်ဝေနိုင်ကြောင်း သတိပေးထား

**လန်ဒန် ဇန်နဝါရီ ၂၄**

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းခံယူထားသူများသည် မိမိကိုယ်ကိုယ် ရောဂါမကူးစက်အောင် ကာကွယ်ထားပြီဖြစ်သော်လည်း အခြားသူများသို့ ဗိုင်းရပ်စ်ကူးစက် ဖြန့်ဝေနိုင်သေးသည်ဖြစ်ရာ ပြည်သူများအနေဖြင့် ကန့်သတ်ပိတ်ဆို့မှုစည်းကမ်းချက်များကို ဆက်လက်လိုက်နာဆောင်ရွက်ကြစေလိုကြောင်း အင်္ဂလန်ဒုတိယဆေးဘက်အရာရှိချုပ် ဂျိုနသန်ဗန်တမ်က သတိပေးပြောကြားလိုက်သည်။

**ရာနှုန်းပြည့် ထိရောက်မှု မရှိသေး**

ဆေးပညာရှင်များအနေဖြင့် ရောဂါကူးစက်မှုနှင့် ပတ်သက်သည့် ကာကွယ်ဆေး၏ အကျိုးသက်ရောက်ပုံကို ကောင်းစွာမသိရှိရသေးကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးများအပေါ် မျှော်လင့်အားထားမှုနှင့်အတူ ရောဂါကူးစက်မှု မြန်မြန်ကျဆင်းသင့်ကြောင်း လက်ရှိအချိန်အထိ မည်သည့် ကာကွယ်ဆေးမျှ ၁၀၀ ရာခိုင်နှုန်း ထိရောက်မှုမရှိသေးကြောင်း ဂျိုနသန်ဗန်တမ်က ပြောသည်။

**၇၅ ရာခိုင်နှုန်းကို ထိုးနှံပေး**

ယခုအခါ ဗြိတိန်နိုင်ငံရှိ အသက် ၈၀ အရွယ်သက်ကြီးပုဂ္ဂိုလ်များ၏ ၇၅ ရာခိုင်နှုန်းကို ပထမတစ်ကြိမ် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ ဖိုက်ဇာ - ဘိုင်ရွန်တက်ခ်နှင့် အောက်စ်ဖို့ဒ် - အက်စ်ထရာဇနီကာ ကာကွယ်ဆေးများကို နှစ်ကြိမ်ထိုးနှံရန် လိုအပ်သည်။ ဘိုးဘွားစောင့်ရှောက်ရေးဂေဟာများ၏ သုံးပုံနှစ်ပုံခန့်မှာ ကာကွယ်ဆေးထိုးနှံပြီးပြီဖြစ်ကြောင်းနှင့် ယခုရက်သတ္တပတ်တွင် အင်္ဂလန်ရှိ ကာကွယ်ဆေးထိုးဌာနပေါင်း ၃၂ ခုအထိ ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သည်ဂါဒီယန်

## ဗီယက်နမ်နိုင်ငံတွင် နှစ်ရက်ဆက်တိုက် ကိုဗစ်- ၁၉ ကူးစက်ခံရသူ မရှိ

**ဟနွိုင်း ဇန်နဝါရီ ၂၄**

ဗီယက်နမ်နိုင်ငံ၌ ဇန်နဝါရီ ၂၄ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ မရှိခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း နှစ်ရက်ဆက်တိုက် ရောဂါထပ်မံကူးစက်ခံရသူ မရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသည့် အတည်ပြုလူနာ စုစုပေါင်း ၁၅၄၈ ဦးရှိပြီဖြစ်ပြီး ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၃၅ ဦးအထိ ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ထို့ပြင် ဇန်နဝါရီ ၂၄ ရက်တွင် လူနာ ၁၄၁၁ ဦး ရောဂါပျောက်ကင်းသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ လက်ရှိတွင် နိုင်ငံအတွင်းကန့်သတ်စောင့်ကြည့်မှုခံယူနေသူ ၂၀၅၀၀ ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဆင်ဟွာ

## တရုတ်အစိုးရက ကမ်းခြေစောင့်တပ်ဖွဲ့ကို လက်နက်အသုံးပြုခွင့်ပေးအပ်

**ပေကျင်း ဇန်နဝါရီ ၂၄**

တရုတ်နိုင်ငံရှိ ရေပိုင်နက်အတွင်းသို့ ဝင်ရောက်လာသည့် ပြည်ပမှ သင်္ဘောများကို ရင်ဆိုင်ရာတွင် လုပ်ပိုင်ခွင့်အသစ်တစ်ရပ်ကို အစိုးရက နိုင်ငံ့ကမ်းခြေစောင့်တပ်ဖွဲ့အား ပေးအပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ လာမည့် ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် တရုတ်နိုင်ငံ၏ ရေပိုင်နက်ထဲသို့ ဝင်ရောက်လာသည့် ပြည်ပမှ သင်္ဘောများကို ရေပိုင်နက်အတွင်းမှ ထွက်ခွာသွားရန် အတင်းအကျပ် နှင်ထုတ်ခွင့်ရှိမည်ဖြစ်ပြီး အကယ်၍ အဆိုပါသင်္ဘောများအနေဖြင့် အမိန့်ကိုမလိုက်နာလျှင် လက်နက်အသုံးပြုခွင့် သို့မဟုတ် သေနတ်ဖြင့် ပစ်ခတ်ပိုင်ခွင့်ရှိကြောင်း သိရသည်။ ထို့ပြင် ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် တရုတ်ရေပိုင်နက်သို့မဟုတ် ကျွန်းပေါ်၌ ပြည်ပအဖွဲ့အစည်းများက တည်ဆောက်ထားသည့် အဆောက်အအုံများကိုလည်း ဖြိုဖျက်ပိုင်ခွင့်ရှိတော့မည်ဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ




တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့ သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

## ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၁၆၀၀၀ ကျော်ပြီ

**ဆော်ပိုလို ဇန်နဝါရီ ၂၄**

ဘရာဇီးနိုင်ငံတွင် ဇန်နဝါရီ ၂၃ ရက်က ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၂၀၂ ဦး ထပ်မံပေါ်ထွက်ခဲ့ပြီး ငါးရက်ဆက်တိုက် သေဆုံးသူ ၁၀၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ တစ်နိုင်ငံလုံးရှိ သေဆုံးသူ စုစုပေါင်း ၂၁၆၄၄၅ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ရောဂါကူးစက်မှု အဆိုးဆုံးဖြစ်ပွားလျက်ရှိ**

ဘရာဇီးနိုင်ငံအတွင်း ဇန်နဝါရီ ၂၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၆၂၃၃၄ ဦးအထိရှိခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူ စုစုပေါင်း ၈၈၁၆၂၅၄ ဦးရှိပြီဖြစ်ကြောင်း သိရသည်။ လူဦးရေအထူထပ်ဆုံးဖြစ်သည့် ဆော်ပိုလိုမြို့တွင် ရောဂါကူးစက်မှုအဆိုးဆုံးဖြစ်ပွားလျက်ရှိပြီး လက်ရှိအချိန်အထိ ၅၁၄၂၃ ဦး သေဆုံးခဲ့ကာ ရောဂါကူးစက်ခံရသူ ၁၆၉၄၃၅၅ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကာကွယ်ဆေးထောက်ပံ့မှုအပေါ် သတိပေးမှုအသစ်များကြောင့် အီးယူ စိုးရိမ်လျက်ရှိ

ဘရပ်ဆဲလ် ဇန်နဝါရီ ၂၄

ဥရောပသို့တင်ပို့မည့် ကိုဗစ် – ၁၉ ကာကွယ်ဆေး ထောက်ပံ့ပေးမှုမှာ နည်းပါးသွားမည်ဟု အက်စ်ထရာဇနီကာက သတိပေးခဲ့သည့်အတွက် ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းများတွင် အဟန့်အတားဖြစ်လာမည်ကို စိုးရိမ်ကြလျက်ရှိသည်။

ထို့ပြင် အချို့နိုင်ငံများသို့ ကာကွယ်ဆေးပေးပို့မှု သိသိသာသာ လျော့ကျသွားရန်လည်း ဖိအားများဖြစ်ပေါ်လျက်ရှိသည်။ ဖိုက်ဇာကုမ္ပဏီကလည်း ကာကွယ်ဆေးတင်ပို့မှုကို တစ်လနီးပါး နှောင့်နှေးနိုင်သည်ဟု သတိပေးထားသည်။

ဗီဇပြောင်း ကိုဗစ် – ၁၉ ကူးစက်မှုအတွက် စိုးရိမ်မှုများမြင့်တက်နေချိန်တွင် ကာကွယ်ဆေးထုတ်လုပ်သည့်ကုမ္ပဏီများမှ သတိပေးချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ဗီဇပြောင်း ကိုဗစ် – ၁၉ မှာ ဗြိတိန်နိုင်ငံတွင် ကူးစက်မှုများပြားနေပြီး မူရင်းမျိုးစိတ်ထက်ပိုမို၍ ကူးစက်မှုလျင်မြန်သည်။ ဥရောပတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၃၂ သန်း နီးပါးရှိလာပြီး သေဆုံးသူ ၆၂၁၀၀၀ ကျော် ရှိသည်။



အင်္ဂလန်တွင် ကာကွယ်ဆေးထိုးရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

လက်ရှိအချိန်အထိ ဥရောပတွင် ဖိုက်ဇာ–ဘိုင်ရွန်တက်ခ်နှင့် အမေရိကန်ကုမ္ပဏီထုတ် မော်ဒါနာ ကာကွယ်ဆေးတို့ကိုလည်း အတည်ပြုပေးထားသည်။ အက်စ်ထရာဇနီကာမှ ကာကွယ်ဆေးကို အတည်မပြုရသေးသော်လည်း သုံးစွဲခွင့်ပြုမပြုကို ဇန်နဝါရီ ၂၉ ရက်တွင် ဆုံးဖြတ်သွားနိုင်ရန် မျှော်လင့်ထားသည်။

အီးယူမှ အက်စ်ထရာဇနီကာဆေးကို ထောက်ခံချက်ပေးခဲ့လျှင်ပင် ပထမဆုံးပေးပို့မည့် ကာကွယ်ဆေးပမာဏမှာ မျှော်မှန်းထားသည်ထက် နည်းပါးနိုင်သည်ဟု ကုမ္ပဏီဘက်မှ ပြောသည်။

အေအက်ဖ်ပီ

# မော်ဒါနာ ကာကွယ်ဆေးတွင် ဆိုးရွားသည့်တုံ့ပြန်မှုဖြစ်စဉ် ဖြစ်ပေါ်ရန်ခဲယဉ်း

နယူးယောက် ဇန်နဝါရီ ၂၄

အမေရိကန် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် မော်ဒါနာမှ ကာကွယ်ဆေးမှာ ဆိုးရွားသည့် တုံ့ပြန်မှုဖြစ်စဉ် ဖြစ်ပေါ်ရန်ခဲယဉ်းသည်ဟု အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ ပြောသည်။

ကိုဗစ် – ၁၉ ကာကွယ်ဆေးကို ပထမအကျော့ ထိုးပေးပြီးနောက် ဓာတ်မတည့်မှု ဖြစ်စဉ်နှင့် ပတ်သက်ပြီး ဇန်နဝါရီ ၂၂ ရက်တွင် အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဒီဇင်ဘာ ၂၁ ရက်မှ ဇန်နဝါရီ ၁၀ ရက်အတွင်း အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်– ၁၉ ကာကွယ်ဆေးပထမအကျော့ ထိုးပေးမှုပေါင်း ၄ ဒသမ ၀၄ သန်း ပြုလုပ်ခဲ့ပြီးပြီဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကာကွယ်ဆေးထိုးပေးပြီးသူများထဲတွင် ၆၁ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ပြီး ၃၆ ရာခိုင်နှုန်းမှာ အမျိုးသားများ ဖြစ်ကြသည်။




အမေရိကန်တွင် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

ယင်းတို့အနက် ဓာတ်မတည့်မှုဖြစ်ပွားမှုပေါင်း ၁၂၆၆ ဦးတွင် တွေ့ရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် တွက်ချက်လျှင် ၀ ဒသမ ၀၃ ရာခိုင်နှုန်း ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဆိုးဆိုးရွားရွား ဓာတ်မတည့်မှုဖြစ်ပေါ်ပြီးအသက်အန္တရာယ်စိုးရိမ်ရသူ ၁၀ ဦးသာရှိသည်ဟု ဖော်ပြထားသည်။

ဆိုးဆိုးရွားရွား ဓာတ်မတည့်မှုဖြစ်ပေါ်သူ ၁၀ ဦးမှာ အမျိုးသမီးများဖြစ်ကာ ကာကွယ်ဆေးထိုးပြီး ၁၅ မိနစ်တွင် လက္ခဏာများပြသလာခြင်းဖြစ်သည်။ ကိုဗစ် –၁၉ ကာကွယ်ဆေး ထိုးပေးသည့်စင်တာများတွင် ဓာတ်မတည့်မှု ဖြစ်စဉ်များအတွက် ကြိုတင် ကာကွယ်ရေးပြင်ဆင်မှုများ ပြုလုပ်ထားရန်လည်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ ပြောသည်။

အင်န်အိတ်ချ်ကေ

# ကိုဗစ် - ၁၉ နှင့်ဆက်စပ်ပြီး ရှေ့တန်းမှလုပ်ကိုင်နေကြသူများ ကာကွယ်ဆေးဦးစွာရရှိမည်ဟု ဇင်ဘာဘွေ သမ္မတပြော

ဟာရာရီ ဇန်နဝါရီ ၂၄

* ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၂) ဦး၊ တောင်ကိုရီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၁) ဦးနှင့် ယူအေအီးနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၁)ဦး တို့အား အသွားအလာကန့်သတ်ထားရှိခြင်းကို တင်းကျပ်စွာ ဆောင်ရွက်ထားရှိပါသည်။

အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ထားရှိ၍ ပေးပို့သော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

**၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာပါလဲ**

COVID-19 ကာကွယ်ဆေးထိုးသော လူများအနက် အနည်းဆုံး **(၅၀)ရာခိုင်နှုန်း မှ (၇၀)ရာခိုင်နှုန်း** အထိ ကာကွယ်မှုရရှိခြင်း၊ ကာကွယ်ဆေးထိုးပြီးလျှင် ပြင်းထန်သော ဘေးထွက်ဆိုးကျိုး မရှိခြင်းနှင့် အချိန်ကြာမြင့်စွာ ရောဂါခုခံနိုင်စွမ်းအားရရှိခြင်းစသည့် အချက်တို့နှင့် ပြည့်စုံရပါမည်။

**၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အပြိုင်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား**

COVID-19 ကာကွယ်ဆေးသည် ထုတ်လုပ်နိုင်သည်မှာ မကြာသေး၍ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုနေသော ကာကွယ်ဆေးများကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရည်အသွေးပြည့်မီကြောင်း အပြည့်အဝထောက်ခံချက် မရရှိသေးပါ။ သို့ရာတွင် ဘေးကင်း၍ အာနိသင်ပြည့်ဝစေရန် ကာကွယ်ဆေးထုတ်လုပ်ရာတွင် လိုက်နာရမည့် စံချိန်စံနှုန်း သတ်မှတ်ချက်များအတိုင်း ထုတ်လုပ်ထား၍ ကာကွယ်ဆေး၏ အစွမ်းထက်မှု၊ ဘေးကင်းမှုအပါအဝင် အခြားလိုအပ်သော ဝိသေသများကို ကာကွယ်ဆေးထိန်းချုပ်စိစစ် ခွင့်ပြုသူများမှ စစ်ဆေးပြီး ကမ္ဘာ့ဈေးကွက်တွင်ရောင်းချရန် ခွင့်ပြုချက်ရရှိထား၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်ရရှိထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ပါမည်။

**၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးပါလား**

COVID-19 ကာကွယ်ဆေးသည် မိမိသဘောဆန္ဒအလျောက် ထိုးနှံရမည့် ကာကွယ်ဆေး ဖြစ်ပါသည်။ ကာကွယ်ဆေးကို ထိုးနှံမည်ဟု ဆုံးဖြတ်ထားပါက ရောဂါကူးစက်မှုကို ကာကွယ်နိုင်မည့် ကိုယ်ခံအားရရှိရန် သတ်မှတ်အကြိမ်အရေအတွက်ကို ပြည့်အောင် ထိုးနှံရပါမည်။ ထို့အပြင် ပါးစပ်နှင့်နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေ အကွာနေခြင်းတို့ကို မဖြစ်မနေ ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

**၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစားနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား**

COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစားနေရသူများသည် ရောဂါလက္ခဏာများအားလုံး သက်သာပျောက်ကင်းပြီးနောက် (၁၄)ရက်ကြာမှသာ ကာကွယ်ဆေးကို ထိုးနှံသင့်ပါသည်။

**၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား**

COVID-19 ရောဂါဖြစ်ပွားဖူးသူများသည်လည်း COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ပါသည်။ သို့မှသာ COVID-19 ရောဂါထပ်မံဖြစ်ပွားမှုမှ ကာကွယ်ရန်နှင့် COVID-19 ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ခြင်းမှ ကာကွယ်ရန် လိုအပ်သောကိုယ်ခံအားကို ရရှိမည်ဖြစ်ပါသည်။

**၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား**

ယေဘုယျအားဖြင့် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ကိုယ်ခန္ဓာမှ ကိုယ်ခံစွမ်းအား စတင်ထွက်ရှိရန် အနည်းဆုံးအချိန် နှစ်ပတ်ခန့် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ COVID-19 ကာကွယ်ဆေး ထိုးပြီးသော်လည်း ရောဂါကူးစက်မှုမှ ကာကွယ်ရန် ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို စက္ကန့်(၂၀) ကြာအောင် စနစ်တကျမကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

**၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား**

COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါကလည်း COVID-19 ရောဂါကပ်အသွင်ဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် လူတိုင်း(လူတိုင်း)မှ ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို သေချာစွာဆက်လက် လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။

Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သောမေးခွန်းနှင့်အဖြေများ (အပိုင်း-၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှတာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ် အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပါတ်(၄)ပါတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦး တွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချိခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**
**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကဒ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021).
Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန













# သန်လျင်မြို့ မြန်မာ့ရေနံရုပ်ကွက် ကွန်ကရစ်လမ်းသစ်ဖွင့်

**သန်လျင် ဇန်နဝါရီ ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မြန်မာ့ရေနံရုပ်ကွက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၂ ရက်က အဆိုပါရပ်ကွက်ထိပ်အဝင်၌ ကျင်းပသည်။

ရှေးဦးစွာ သန်လျင်မြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်က မုဒိတာစကားပြောကြားပြီး အမှတ်(၁) ရေနံချက်စက်ရုံ စက်ရုံမှူး ဦးညွှန့်ဝေက ကျေးဇူးတင် စကားပြောသည်။

ယင်းနောက် ကွန်ကရစ်လမ်းသစ်ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်၊ စက်ရုံမှူး ဦးညွှန့်ဝေ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ညွှန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မြန်မာ့ရေနံရုပ်ကွက် ကွန်ကရစ်လမ်းသစ်မှာ အရှည် ၂၆၂၄ ပေ၊ အကျယ် ၁၂ ပေရှိပြီး သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၁ - ၂၀၂၁

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၂၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၄၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၆၀/၆၉၅ ကျပ် | ၆၉၀/၇၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၇၀/၇၁၀ ကျပ် | ၇၀၅/၇၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၅/၆၅၅ ကျပ် | ၆၉၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၇၀ ကျပ် | ၈၁၅/၈၃၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၄ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၂၅ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၆ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၂၇ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၇ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၂ . ၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၆ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၇၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၀ . ၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၀ . ၂၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၅၃၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၉၇၀၀ | ၁၄၂၁ | ၁၃၈၅၆၁၀၀ |
| MTSH | ၃၈၀၀ | ၃၉၀၀ | ၁၈၈၈၉ | ၇၁၈၂၇၃၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၁ | ၈၂၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၁ | ၂၂၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂၄၆၀ | ၆၆၂၄၅၀၀ |
| EFR | ၃၆၀၀ | ၃၆၀၀ | ၉ | ၃၂၄၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ စီးပွားရေးစကားဝိုင်းများ



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**ကိုဗစ်ကာလအတွင်း နည်းပညာအကူအညီနဲ့ ကျွန်တော် အလုပ်တွေ အရင်ထက် ပိုလုပ်ဖြစ်ခဲ့တယ်။ အိမ်ထဲက အိမ်ပြင်မထွက်တာလည်း ကိုးလကျော်ခဲ့ပြီ။ အပြင်ထွက်တဲ့ ဘေးအန္တရာယ်ကလည်း မသေးလှတာတွေ့ရတယ်။ ကိုယ့်ကြောင့် တစ်ပါးသူတွေ ဒုက္ခမရောက်စေချင်ဘူး။ အစည်းအဝေးတွေ မပြတ်တက်ခွင့်ရခဲ့တယ်။ စာသင်ကြားမှုတွေလည်း ဆက်လုပ်ဖြစ်တယ်။ ဆွေးနွေးပွဲတွေလည်း စဉ်ဆက်မပြတ်လုပ်နိုင်ခဲ့တယ်။**

မနေ့က ဆောင်ရွက်ခဲ့တဲ့ စကားဝိုင်းသုံးရပ်အကြောင်း မျှဝေချင်ပါတယ်။ ကျွန်တော့်ရဲ့ အာရုံစိတ်ဝင်စားမှုဟာ Business ဖြစ်ပါတယ်။ Economics နဲ့ ပတ်သက်လာရင် သိသင့်သိထိုက်တာကိုသာ လေ့လာခဲ့ခြင်းဖြစ်တယ်။ အင်္ဂလိပ်အသုံးအနှုန်းကို မြန်မာလိုပြန်တဲ့အခါ စီးပွားရေးလို့ သုံးစွဲပေမယ့် အနှစ်သာရအနေနဲ့ မတူညီတာကို သတိပြုရမှာဖြစ်တယ်။ ကျွန်တော့်အနေနဲ့ စီမံခန့်ခွဲမှုပညာကို အထူးပြုတာမို့ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းတွေကို ဦးစားပေး လေ့လာတာ ဖြစ်ပါတယ်။

ပထမစကားဝိုင်းကတော့ မကြာသေးမီကာလမှာ ထုတ်လွှင့်တဲ့ ရုပ်မြင်သံကြား အစီအစဉ်တစ်ခုဖြစ်တဲ့ Bloomberg အစီအစဉ်။ ဒီအစီအစဉ်ဟာ အမေရိကန်အခြေပြုစီးပွားရေးအသံလွှင့်ဌာနဖြစ်တယ်။စတော့ဈေးကွက်နဲ့ပတ်သက်တဲ့ စာရင်းအချက်အလက်များကို ပြုစုပြီး ထုတ်ဝေမှုကြောင့် ကမ္ဘာကျော်ခဲ့တဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ဒီရုပ်မြင်သံကြားအစီအစဉ်ကတစ်ဆင့် တစ်ပတ်တစ်ကြိမ် ကျွန်တော်က စီးပွားရေးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ဆွေးနွေးခဲ့တာ ဖြစ်တယ်။ အပတ်စဉ် အင်္ဂါနေ့တိုင်း ဆောင်ရွက်ခြင်းဖြစ်တယ်။ ဆွေးနွေးတဲ့အကြောင်းအရာတွေကို ကြိုတင်စီစဉ်ထားတာ မဟုတ်ဘဲ အသံလွှင့်တဲ့အချိန်မှာ မေးတဲ့မေးခွန်းတွေကိုဖြေပြီး အပြန်အလှန်ဆွေးနွေးခြင်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အစီအစဉ်ကို Conversations အဖြစ် Bloomberg က ဖော်ထုတ်ခဲ့ပါတယ်။ အဓိပ္ပာယ်က စကားပြောခြင်းဖြစ်တယ်။ စကားပြောခြင်းဟာ အပြန်အလှန်သဘော၊ အမြင်ချင်းဖလှယ်တဲ့သဘော၊ ဆွေးနွေးတဲ့သဘော။ ကျွန်တော်တို့ဟာ အမြဲတမ်းတစ်ဦးနဲ့တစ်ဦး ဆက်ဆံထိတွေ့တဲ့နေရာမှာ စကားပြောကြတယ်၊ ဆွေးနွေးကြတယ်။ ငယ်ငယ်က တက္ကသိုလ်မှာ ကျောင်းသားဘဝအနေနဲ့သော်လည်းကောင်း၊ ဆရာဖြစ်လာတဲ့အခါမှာသော်လည်းကောင်း လက်ဖက်ရည်ဆိုင်မှာ အချိန်ကုန်ခဲ့တယ်။ မိတ်ဆွေ၊ သူငယ်ချင်း၊ အပေါင်းအသင်းတွေနဲ့ ပွင့်ပွင့်လင်းလင်း ပြောကြဆိုကြ၊ ငြင်းခုံကြ၊ စကားနိုင်လုကြ ပုံစံအမျိုးမျိုးနဲ့စကားတွေ ပြောခဲ့ကြတယ်။ အခုလို စကားပြောရင်းနဲ့ မိမိရဲ့ခံစားချက်တွေ၊ ယုံကြည်မှုတွေကို မျှဝေကြတာဖြစ်တယ်။ အလုပ်ခွင်မှာသော်လည်းကောင်း၊ မိသားစုအတွင်းမှာသော်လည်းကောင်း တစ်ခါတစ်ရံ ခက်ခဲတဲ့ စကားပြောခြင်းနဲ့ ရင်ဆိုင်ထိတွေ့ကြရတယ်။ စီမံခန့်ခွဲမှုပညာမှာ ဒီအကြောင်းကို ထဲထဲဝင်ဝင် ဖော်ထုတ်ထားတာတွေ့ရတယ်။ Difficult Conversations လို့ခေါ်တဲ့ ပြောရခက်တဲ့ စကားပြောတာတွေကို လုပ်ရတဲ့ အခြေအနေတွေနဲ့ မကြာခဏရင်ဆိုင်ခဲ့ရတယ်။ ပါးစပ်က ပြောမထွက်တဲ့ အရာတွေကို ကြိုးစားပြီး ဖွင့်ဟရပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ အနိုင်လိုချင်တဲ့ဆန္ဒနဲ့ “ငါ့စကားနွားရ” သဘောတော့ မဖြစ်သင့်ဘူး။ အမြင်ချင်းဖလှယ်တဲ့နေရာမှာ တစ်ဦးနဲ့တစ်ဦး နားလည်မှုပေးပြီး သဘောထားတွေကို မျှဝေသင့်ပါတယ်။

**စီမံအုပ်ချုပ်မှုနဲ့ခေါင်းဆောင်မှုအရည်အသွေးမြှင့်တင်မှု**

တစ်ပတ် ကျွန်တော်တို့ ဆွေးနွေးတဲ့အကြောင်းအရာက စောစောကပြောခဲ့တဲ့ Business စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတွေနဲ့ ပတ်သက်ပြီး စီမံအုပ်ချုပ်မှုနဲ့ ခေါင်းဆောင်မှု အရည်အသွေးမြှင့်တင်မှုအကြောင်းကို အခြေခံထားပြီး ဆွေးနွေးခဲ့ပါတယ်။ အမှန်တော့ စီမံခြင်းနဲ့ခေါင်းဆောင်ခြင်းဟာ မတူညီပါဘူး။ စီမံမှုက သတ်မှတ်ထားတဲ့အလုပ်တစ်ခုကို သပ်ရပ်သေချာစွာ ထိထိရောက်ရောက်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဦးဆောင်မှုကတော့ ဒီအလုပ်ဟာ လုပ်သင့်မလုပ်သင့်ကို စဉ်းစားပြီးမှ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ပေးတဲ့တာဝန်ကို မျက်စိမှိတ်ပြီး ဆောင်ရွက်တာ မဟုတ်ဘဲ ဒီတာဝန်ဟာ အဓိပ္ပာယ်ရှိမရှိ လုပ်သင့်မလုပ်သင့်ဆိုတာကို စဉ်းစားပြီးမှ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတွေ၊ ဦးစီးသူများအနေနဲ့ စီမံဖို့လိုအပ်သလို ဦးဆောင်မှုလည်း ပေးနိုင်ဖို့လိုအပ်ပါတယ်။

အခုလိုစီမံခန့်ခွဲမှု၊ ဦးဆောင်မှုနဲ့ ပတ်သက်လာရင် လုပ်ငန်းကို ဦးစီးတဲ့ အရည်အသွေးတွေကို မြှင့်တင်ရမှာ ဖြစ်ပါတယ်။

သင်တန်းတွေတက်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ သင်ယူခံယူချင်တဲ့ စိတ်ရှိဖို့ အထူးအရေးကြီးလှပါတယ်။ သင်စရာမလိုဘူး။ အားလုံးကို သိတယ်၊ တတ်တယ်ဆိုတဲ့စိတ်ထားတွေကို ပြင်ဆင်ရမှာဖြစ်ပါတယ်။ တစ်ချိန်တုန်းက မိရိုးဖလာစီးပွားရေး လုပ်ငန်းတွေကို ဦးဆောင်တဲ့သူတွေအနေနဲ့ သင်ယူခံယူမှုကို အလေးမထားဘဲ အတွေ့အကြုံကိုပဲ အားကိုးခဲ့တာတွေ့ရပါတယ်။ အမှန်တော့ အခုခေတ်မှာ စီမံခန့်ခွဲမှုပညာတွေ၊ ခေါင်းဆောင်မှုပညာတွေကို စနစ်တကျ သင်ယူချင်နေတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်က တစ်ဦးတစ်ယောက်ချင်း သင်ယူခံယူလိုတဲ့ စိတ်မွေးဖို့ အမြဲတိုက်တွန်းခဲ့တယ်။ ဒီလိုစိတ်ထားတွေနဲ့ ပြည့်စုံတဲ့သူတွေ စုစည်းတဲ့အခါ သင်ယူခံယူချင်တဲ့ လုပ်ငန်းအဖွဲ့အစည်းတွေ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းတွေကို စုစည်းပေါင်းစပ်တဲ့အခါ သင်ယူခံယူတဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

မြန်ဆန်ဖို့ လိုအပ်တယ်၊ လက်ဦးရဖို့လိုတယ်။ ခံစစ်ရော၊ တိုက်စစ်ရော ကစားနိုင်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

**ကိုဗစ်ကာလပေါ်ပေါက်လာခဲ့သော အလုပ်လုပ်တဲ့ပုံစံသစ်**

စီမံခန့်ခွဲမှုနဲ့ ဦးဆောင်မှု သင်တန်းတွေကို ကုန်ကျစရိတ်အဖြစ် မစဉ်းစားဘဲ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။ အခုလို Bloomberg နဲ့ ဆွေးနွေးပြီးချိန် ကြိုတင်စီစဉ်ထားတဲ့အတွင်း B2B စီမံခန့်ခွဲမှု မဂ္ဂဇင်းအစီအစဉ်နဲ့ စီးပွားရေး စကားဝိုင်းတစ်ရပ်ကို ကျင်းပခဲ့ပါတယ်။ ရွေးချယ်ထားတဲ့ခေါင်းစဉ်က ကိုဗစ်ကာလ ပေါ်ပေါက်လာခဲ့တဲ့ အလုပ်လုပ်တဲ့ပုံစံအသစ်အကြောင်း ဆွေးနွေးခဲ့ပါတယ်။ ကပ်ရောဂါကြီး ၂၀၂၀ နှစ်ဦးပိုင်းမှာ တစ်ကမ္ဘာလုံးကိုပျံ့နှံ့ခဲ့တဲ့အခါ အလုပ်ခွင်ရဲ့အခြေအနေတွေ လုံးဝပြောင်းလဲခဲ့ပါတယ်။ ရောဂါကူးစက်မှုအန္တရာယ်ကို ရင်ဆိုင်ရန် လုပ်ငန်းတွေပိတ်ပြီး ဝန်ထမ်းများကို အိမ်ကတစ်ဆင့် အလုပ်လုပ်ခွင့်ပေးခဲ့ပါတယ်။ ဒီအလုပ်ပုံစံကို Working from home အဖြစ် သတ်မှတ်ပြီး ခေတ်မီနည်းပညာအသုံးပြုကာ ဆောင်ရွက်တဲ့ အတွက် Remote Work လို့ ခေါ်ဝေါ်သတ်မှတ်ပါတယ်။ ပုံမှန်မျက်နှာချင်းဆိုင်ရုံးတွေ၊ အလုပ်ခွင်တွေမှာဆုံတွေ့ပြီး

> **“စီးပွားရေးဆောင်ရွက်ရာမှာ အခွင့်အရေး နှစ်ရပ်ရှိတာ တွေ့ရပါတယ်။ ပထမအခွင့်အရေးက ဦးတဲ့အခွင့်အရေးဖြစ်တယ်။ သူများ မလုပ်ခင် ကိုယ်က လက်ဦးရရင် ကိုယ့်အတွက် အခွင့်အရေးတစ်ရပ် ဖြစ်ပါတယ်။ ဒုတိယအခွင့်အရေးကတော့ နောက်ကျတဲ့ အခွင့်အရေး ဖြစ်ပါတယ်။ ကိုယ်ကနောက်ကျကျန်ခဲ့တာမို့ အရှေ့ရောက် နေသူတွေကို လေ့လာပြီး သင်ခန်းစာတွေရအောင် ယူနိုင်ရင် ကိုယ့်အတွက် အခွင့်အရေးဖြစ်တယ်”**

**ဦးခြင်းနှင့်နောက်ကျခြင်းစီးပွားရေးအခွင့်အရေးနှစ်ရပ်**

စကားဝိုင်းမှာ မကြာခင်က နိုင်ငံတော်အစိုးရအနေနဲ့ လက်မှတ်ထိုးခဲ့တဲ့ RCEP နဲ့ ပတ်သက်ပြီး စီးပွားရေး လုပ်ငန်းအဖွဲ့အစည်းများ အထူးသဖြင့် စီမံခန့်ခွဲမှု ရှုထောင့်မှ မည်သို့မည်ပုံပြင်ဆင်ရန် လိုအပ်မှုတွေကို ဆွေးနွေးခဲ့ပါတယ်။ အမှန်တော့ အခုလို ဒေသဆိုင်ရာ စီးပွားရေးအသိုက်အမြုံဟာ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေး လုပ်ငန်းများအတွက် ထူးခြားတဲ့ အခွင့်အရေးတစ်ရပ် ဖြစ်ပါတယ်။ လူဦးရေသန်းပေါင်းများစွာရှိတဲ့ ဈေးကွက်ကြီးဖြစ်ပါတယ်။ ဒီဈေးကွက်ကြီးကို အခွင့်အရေးတစ်ရပ်လို မြင်ဖို့လိုအပ်မှာဖြစ်တယ်။ ဒီနေရာမှာ သွက်ဖို့လိုတယ်၊ မြန်ဖို့လိုတယ်။ စီးပွားရေး ဆောင်ရွက်ရာမှာ အခွင့်အရေး နှစ်ရပ်ရှိတာ တွေ့ရပါတယ်။ ပထမအခွင့်အရေးက ဦးတဲ့အခွင့်အရေးဖြစ်တယ်။ သူများမလုပ်ခင် ကိုယ်က လက်ဦးရရင် ကိုယ့်အတွက် အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ ဒုတိယအခွင့်အရေးကတော့ နောက်ကျတဲ့ အခွင့်အရေး ဖြစ်ပါတယ်။ ကိုယ်ကနောက်ကျကျန်ခဲ့တာမို့ အရှေ့ရောက်နေသူတွေကို လေ့လာပြီး သင်ခန်းစာတွေရအောင် ယူနိုင်ရင် ကိုယ့်အတွက် အခွင့်အရေးဖြစ်တယ်။ ကျွန်တော့်အနေနဲ့ စီးပွားရေး လုပ်ငန်းရှင်များကို လုပ်ပိုင်ခွင့်ပိုပြီးပေးဖို့ လိုအပ်မယ်လို့ ယူဆမိပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဖို့၊ ဈေးကွက်ကို ယုံကြည်မှုရှိဖို့ အရေးကြီးပါတယ်။ ဈေးကွက်ဟာ ဝယ်လိုအားနဲ့ ရောင်းလိုအားနှစ်ခုရဲ့ အားပြိုင်လွန်ဆွဲမှုကို အခြေခံပြီး လွတ်လပ်စွာရှင်သန်ခွင့်ပြုဖို့ လိုအပ်မှာ ဖြစ်တယ်။ ကျွန်တော့်အမြင်တော့ အတိတ်သမိုင်းမှာ စီမံကိန်း စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့တာမို့ စီးပွားရေးလုပ်ငန်းတွေကို ထိန်းချုပ်လိုတဲ့ ဆန္ဒတွေ ပြင်းပြနေတာတွေ့ရတယ်။ ပါမစ်လျှောက်လွှာစနစ်ကို ယနေ့အထိ ကျင့်သုံးနေတာ ဖြစ်တယ်။ အခုလို RCEP နဲ့ ပတ်သက်လာရင်

အလုပ်လုပ်နိုင်တဲ့ အခြေအနေမရှိတာမို့ အိမ်မှာနေပြီး ခေတ်မီနည်းပညာအားကိုးနဲ့ အလုပ်လုပ်ခဲ့ကြရတယ်၊ ထိတွေ့ဆက်ဆံခဲ့ရတယ်၊ ဆက်သွယ်ခဲ့ရပါတယ်။

အခုလိုအိမ်မှာနေကာ နည်းပညာအားကိုးပြီး အလုပ်လုပ်ရတဲ့ထုံးစံမရှိတာမို့ လုပ်ငန်းတွေ၊ မန်နေဂျာတွေ၊ ဝန်ထမ်းတွေအတွက် စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ စမ်းသပ်မှုတွေ လုပ်ခဲ့ကြရတယ်။ အမှားတွေကို ရင်ဆိုင်ပြီး ကျော်လွှားခဲ့ရတယ်။ လုပ်ငန်းခွင်တွေမှာ အခုကဲ့သို့ ထူးခြားတဲ့အလုပ်လုပ်တဲ့ပုံစံများနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ B2B စကားဝိုင်းကို လုပ်ခဲ့တာ ဖြစ်ပါတယ်။ ပါဝင်ဆွေးနွေးတဲ့ ပုဂ္ဂိုလ်သုံးဦးအနေနဲ့ နိုင်ငံတကာကုမ္ပဏီများမှာ အရေးပါတဲ့တာဝန်ဝတ္တရားတွေ ယူထားသူတွေဖြစ်ပါတယ်။ မြန်မာပြည်မှာ အခြေစိုက်ထားပေမယ့် သူတို့ကုမ္ပဏီများရဲ့ ဒေသဆိုင်ရာရုံးတွေနဲ့ ရုံးချုပ်တွေဟာ နိုင်ငံခြားမှာတည်ရှိပါတယ်။ နိုင်ငံတကာစီးပွားရေး လုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့ ကုမ္ပဏီဖြစ်တာကြောင့် ကုမ္ပဏီများအနေနဲ့ စနစ်တကျ အစီအစဉ်တွေရှိတာ သိရပါတယ်။ ပုဂ္ဂိုလ်သုံးဦးအနက် တစ်ဦးမှာ Samsung ကုမ္ပဏီ၊ နောက်တစ်ဦးက Coca Cola ကုမ္ပဏီနဲ့ နောက်တစ်ဦးကတော့ Grab ကုမ္ပဏီတို့ ဖြစ်ကြပါတယ်။ သူတို့အနေနဲ့ ဝန်ထမ်းများကို စီမံခန့်ခွဲမှုပုံစံဟာ နိုင်ငံတကာစံနှုန်းစံထားတွေအတိုင်း ဆောင်ရွက်နေတာတွေ့ရပါတယ်။ ကုမ္ပဏီများရဲ့ ရေရှည်ရပ်တည်မှုအတွက် ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ခဲ့ပြီး စနစ်တကျဆောင်ရွက်နေတာ တွေ့ရပါတယ်။ အထူးသဖြင့် အမှားလုပ်ခွင့်ရှိတဲ့ ယဉ်ကျေးမှုတည်ဆောက်မှု၊ ဝန်ထမ်းများအပေါ် ယုံကြည်မှုအပြည့်နဲ့ ထိတွေ့ဆက်ဆံမှု၊ တိုင်ပင်ဆွေးနွေးမှုအပေါ်အခြေခံပြီး အဆုံးအဖြတ် ချမှတ်မှု ဒီအချက်အလက်တွေဟာ အလွန်အရေးကြီးလှပါတယ်။ ခေါက်ရိုးကျိုးနေတဲ့ စီမံခန့်ခွဲမှု ပုံစံတွေနဲ့ ၂၁ ရာစုမှာ ရှင်သန်ဖို့ ခက်ခဲမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေနပ်နှစ်သက်မိတဲ့အချက်က ပုဂ္ဂိုလ်သုံးဦးဟာ မြန်မာတွေဖြစ်ကြတယ်။ သူတို့စီမံအုပ်ချုပ်တဲ့ သူတွေဟာလည်း မြန်မာတွေဖြစ်ကြတယ်။ ဒါပေမယ့် သူတို့ ကိုင်တွယ်ကျင့်သုံးတဲ့ စီမံခန့်ခွဲမှုပုံစံတွေကတော့ ခေတ်မီစဉ်းစားချက်တွေ၊ နိုင်ငံတကာမှာကျင့်သုံးနေတဲ့ ပုံစံတွေအတိုင်း ဆောင်ရွက်နေတာဖြစ်တယ်။ ဒါကြောင့် မြန်မာပြည်မှာရှိတဲ့ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းတွေမှာ စီမံခန့်ခွဲမှုပုံစံအသစ်တွေ ကျင့်သုံးလို့မရနိုင်တဲ့ အယူအဆမှားယွင်းနေတာကို တွေ့မြင်ရလို့ကျေနပ်မိပါတယ်။ ဒါကြောင့်လည်း ဒီကုမ္ပဏီသုံးခုရဲ့နမူနာတွေကို မြန်မာကုမ္ပဏီတွေမှာ ကျင့်သုံးနိုင်ဖို့ စဉ်းစားရမှာသာ ဖြစ်ပါတယ်။ သူတို့နဲ့ပြုလုပ်ခဲ့တဲ့ စီးပွားရေးစကားဝိုင်းကြောင့် ကျွန်တော့်အနေနဲ့ ကျေနပ်မိတယ်၊ အားတက်မိပါတယ်။ ညဘက်မှာ နောက်ဆုံးစီးပွားရေး စကားဝိုင်းကို လုပ်ခဲ့ပါတယ်။ Breakthrough ကုမ္ပဏီမှာ စီစဉ်ဆောင်ရွက်တဲ့ သင်တန်းသားတွေနဲ့ အမေးအဖြေလုပ်ပေးခဲ့တာ ဖြစ်ပါတယ်။ Breakthrough အဖွဲ့ကို လူငယ်တစ်ဦးဖြစ်တဲ့ ကိုနိုင်ဝင်းအောင်က ဦးစီးနေတာ ဖြစ်တယ်။ သူနဲ့အတူ လူငယ်အဖွဲ့ဝင်တွေကလည်း တက်တက်ကြွကြွပါဝင်နေကြတယ်။ သူတို့သင်တန်းတွေဟာ ဆန်းသစ်တယ်။ ပုံမှန်ပုံစံမဟုတ်ဘဲ ပရိသတ်ဆွဲဆောင်မှုရှိအောင် ဆောင်ရွက်နိုင်တယ်။ ကိုဗစ်ကာလအတွင်း သူတို့ရဲ့သင်တန်းတွေကို အဆက်မပြတ် လုပ်နိုင်ခဲ့တယ်။

**မိသားစုအတွင်း ဆွေးနွေးပြီးတာဝန်ခွဲယူ**

ကျွန်တော်ဆွေးနွေးတဲ့ခေါင်းစဉ်က မိသားစုလုပ်ငန်းမှ စနစ်တကျဖွဲ့စည်းတဲ့ လုပ်ငန်းအဖြစ် ပြောင်းလဲခြင်းဖြစ်ပါတယ်။ ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး နားလည်မှုတွေ လွဲမှားနေတာတွေ့ရပါတယ်။ မိသားစုလုပ်ငန်းကို အထင်သေးကြတယ်။ မိရိုးဖလာ လုပ်ငန်းဖြစ်ပြီး ခေတ်နောက်ကျနေတယ်လို့ မြင်နေကြတယ်။ အခြေခံပိုင်ဆိုင်မှုနဲ့ စီမံခန့်ခွဲမှုပဲဖြစ်ပါတယ်။ မိသားစုစီးပွားရေးလုပ်ငန်းတွေရဲ့ အခြေခံပြဿနာက စီးပွားရေးပြဿနာမဟုတ်ဘဲ မိသားစုပြဿနာ ဖြစ်တယ်။ မိသားစုဝင်အချင်းချင်း မပြေလည်မှုတွေကြောင့် စီးပွားရေးလုပ်ငန်းကို ထိပါးတာဖြစ်ပါတယ်။ ဒါကြောင့် မိသားစုအတွင်း အကျေအလည်ဆွေးနွေးပြီး တာဝန်ခွဲယူဖို့ လိုအပ်ပါတယ်။ ကျွန်တော့်ရဲ့ သဘောထားက လုပ်ငန်းရဲ့ ပိုင်ဆိုင်မှုကို မိသားစုအတွင်းထားရှိပြီး လုပ်ငန်းကို စီမံအုပ်ချုပ်တဲ့နေရာမှာ ကျွမ်းကျင်လိမ္မာသူတွေကို ရွေးချယ်ခန့်ထားပြီး လွှဲပ်ရှားစေချင်ပါတယ်။

အခုလို ကျွန်တော့်အနေနဲ့ တင်ပြပြီးချိန်မှာ တက်ရောက်သူများ မေးခွန်းတွေမေးပြီး အကြံတောင်းကြပါတယ်။ တက်ရောက်သူရင်ဆိုင်နေရတဲ့ လက်တွေ့ပြဿနာတွေကို တင်ပြခဲ့တာမို့ စီးပွားရေးလုပ်ငန်းတွေမှာ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို တစေ့တစောင်း သိရှိခွင့်ရတာမို့ မေးတဲ့သူတွေကို ကျေးဇူးတင်မိပါတယ်။ သူတို့ရဲ့မေးခွန်းတွေအပေါ်အခြေခံပြီး စီးပွားရေးရုပ်ပုံကို ပုံဖော်ခွင့်ရှိခဲ့ပါတယ်။ တစ်ဦးက မိဘတွေက လုပ်ငန်းတွေကို သားစဉ်မြေးဆက်တာဝန်ယူစေပေမယ့် သားသမီးများအနေနဲ့ စိတ်ဝင်စားမှုမရှိတဲ့ ပြဿနာ။ ဒီပြဿနာဟာ အတော်များများ ကြုံတွေ့ရတာဖြစ်တယ်။ သားသမီးတွေကို မိဘလက်ငုတ်လက်ရင်းကို လုပ်စေချင်တဲ့ဆန္ဒက မိဘတိုင်းရဲ့ ဆန္ဒဖြစ်တယ်။ သားသမီးများအနေနဲ့ ဆောင်ရွက်လိုတဲ့ ဆန္ဒကတော့ ယေဘုယျအနေနဲ့ သတ်မှတ်နိုင်ဖို့ ခက်ခဲလှပါတယ်။ နိုင်ငံတော်အနေနဲ့ ဘဏ်အတိုးနှုန်းတွေလျှော့ချခဲ့တာကြောင့် ဘဏ်အတိုးကို မှီခိုနေသူများအတွက် ပိုပြီးတွက်ခြေကိုက်တဲ့ စီးပွားရေးအခွင့်အလမ်းတွေရှာဖွေရတဲ့ ပြဿနာကိုလည်း တင်ပြသွားခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ စီးပွားရေးစကားဝိုင်းမှတစ်ဆင့် ကိုယ်သိတဲ့၊ နားလည်တဲ့၊ လေ့လာတဲ့ စီးပွားရေးပညာတွေကို မျှဝေခွင့်ရခဲ့ပါတယ်။ ပိုပြီးတန်ဖိုးရှိတဲ့အချက်က ပါဝင်ဆွေးနွေးမှုတွေ၊ အမေးအဖြေတွေ၊ စကားပြောတာတွေကြောင့် ကျွန်တော့်အတွက် အသိတရားတွေတိုးလာပါတယ်။ မစဉ်းစားမိတာတွေလည်း သိခဲ့ရပါတယ်။ ဒါကတော့ စကားဝိုင်းရဲ့ အကျိုးအမြတ်ဖြစ်ပါတယ်။ ။

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) သို့ လှူဒါန်းနိုင်သည့် နည်းလမ်းများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ COVID–19 ကာကွယ်ဆေး ဝယ်ယူရေးအတွက် ပါဝင်လှူဒါန်းလိုကြသော ပြည်သူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ မြန်မာကျပ်ငွေစာရင်းအမှတ် (OA 013733) သို့ အောက်ပါနည်းလမ်းများဖြင့် ထည့်ဝင်လှူဒါန်းနိုင်ပါသည် –

(က) မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲနှင့် နိုင်ငံပိုင်ဘဏ်များ၏ ဘဏ်ခွဲအားလုံး၊ ပုဂ္ဂလိကဘဏ်များ၏ ဘဏ်ခွဲအားလုံးတို့တွင် ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

(ခ) နိုင်ငံပိုင်ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများနှင့် ပုဂ္ဂလိကဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော စာရင်းများမှ စာရင်းပြောင်းနည်းလမ်း (Account Transfer) ဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) Mobile Banking / Mobile Wallet မှ လှူဒါန်းလိုပါက သက်ဆိုင်ရာ Service Provider / ပုဂ္ဂလိကဘဏ်များ၏ Mobile App များမှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(ဃ) MPU Card (ATM Card) များမှ လှူဒါန်းလိုပါက MPU မှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(င) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ Website မှတစ်ဆင့် MPU Debit/Credit ကတ်များဖြင့်ဖြစ်စေ၊ ပြည်တွင်း/ပြည်ပ Visa/Master Credit ကတ်များဖြင့်ဖြစ်စေ၊ ချိတ်ဆက်ထားသော Over–the–Counter ဆိုင်များ၌ ငွေသားပေးသွင်းခြင်းဖြင့်ဖြစ်စေ အလှူငွေများကို လွယ်ကူလုံခြုံစွာ ပေးအပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ထပ်မံအသိပေးကြေညာမည်ဖြစ်ပါသည်။

၂။ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ နိုင်ငံခြားငွေစာရင်းအမှတ် (EDC 600012) သို့ အောက်ပါနည်းလမ်းများဖြင့် နိုင်ငံခြားငွေများကို ထည့်ဝင်လှူဒါန်းနိုင်ပါသည် –

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော် နိုင်ငံခြားငွေလုပ်ငန်းနှင့် နိုင်ငံခြားငွေ လုပ်ငန်းလုပ်ကိုင်ခွင့် AD လိုင်စင်ရ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မည်သည့်နိုင်ငံခြားငွေအမျိုးအစားကိုမဆို ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော နိုင်ငံခြားငွေစာရင်းများမှတစ်ဆင့် စာရင်းပြောင်းနည်းလမ်း (Account Transfer) ဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) မြန်မာ့စီးပွားရေးဘဏ်၏ SWIFT Code – MYEBMMMY ကို အသုံးပြု၍ Donation to COVID–19 Vaccination Fund (Account EDC 600012) Myanma Economic Bank ဟု ဖော်ပြ၍ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်များမှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(ဃ) ပြည်ပဘဏ်များမှတစ်ဆင့် ငွေလွှဲသည့်အခါ အထက်ဖော်ပြပါ SWIFT Code နှင့် Donation to COVID–19 Vaccination Fund (Account EDC 600012) Myanma Economic Bank ကို ဖော်ပြ၍ ငွေလွှဲနိုင်ပြီး ငွေလွှဲပို့သည့် ပြည်ပဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြား တိုက်ရိုက်ဆက်သွယ်မှုမရှိပါက အောက်ပါ မြန်မာ့စီးပွားရေးဘဏ်၏ ပြည်ပအဆက်အသွယ်ဘဏ်များမှတစ်ဆင့် ဘဏ်အချင်းချင်း ချိတ်ဆက်ငွေလွှဲပို့နိုင်ပါသည် –

| | |
|---|---|
| UOB Bank (Singapore) | OCBC Bank (Singapore) |
| DBS Bank (Singapore) | May Bank (Singapore/ Kuala Lumpur) |
| Sumitomo Mitsui Banking Corp (Tokyo) | Bank of Tokyo Mitsubishi UFJ (Tokyo) |
| Mizuho Bank (Tokyo) | Bangkok Bank (Bangkok) |
| Siam Commercial Bank (Bangkok) | Krung Thai Bank (Bangkok) |
| Thanachart Bank (Bangkok) | ICBC Bank (China) |
| OCBC Wing Hang Bank (Shanghai) | China Construction Bank (China) |
| Sonali Bank (Bangladesh) | AB Bank (Bangladesh) |

၃။ အလှူရှင်စာရင်းကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် လှူဒါန်းသူများအနေဖြင့် အလှူရှင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ပြည့်စုံစွာဖော်ပြပေးပါရန်နှင့် အလှူငွေများ ထည့်သွင်းပြီးပါက e–mail – treasury05@365mopfi.gov.mm, treasury10@365mopfi.gov.mm (သို့မဟုတ်) Viber – 09–251182042, 09–420788851 တစ်ခုခုသို့ အလှူငွေပေးသွင်းထားသည့် အထောက်အထားများကို ပေးပို့စေလိုပါသည်။

၄။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် လူကိုယ်တိုင် လာရောက်လှူဒါန်းခြင်းနှင့် ပြည်တွင်းမှ Virtual အစီအစဉ်တို့ဖြင့် လှူဒါန်းလိုသူများသည် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည် –

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| – ဒေါ်စီစီပြုံး<br>ညွှန်ကြားရေးမှူးချုပ်၊<br>ငွေတိုက်ဦးစီးဌာန<br>၀၆၇–၃၄၁၀၁၅၆<br>၀၉–၄၅၀၄၅၅၂၃၇<br><br>– ဒေါ်ရီရီခိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>၀၆၇–၃၄၁၀၁၅၈<br>၀၉–၂၅၄၅၅၈၄၂၄ | – ဦးမင်းသူ<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>၀၁–၈၃၉၁၃၄၂<br>၀၁–၈၃၉၁၀၇၂ | – ဦးထွန်းထွန်းအောင်<br>ညွှန်ကြားရေးမှူး၊<br>ပြည်တွင်းအခွန်များ<br>ဦးစီးဌာန<br>၀၂–၄၀၃၅၉၁၆ |

၅။ COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) သို့ ထည့်ဝင်လှူဒါန်းကြသည့် အလှူငွေများသည် ဝင်ငွေခွန်ဥပဒေနှင့်အညီ အခွန်ဆိုင်ရာ သက်သာခွင့်များ ခံစားခွင့်ရှိပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

## နန်းယွန်း၊ ပန်ဆောင်နှင့် ဒုံဟီးမြို့နယ်များ၌ ဆီမုန်ညင်း ၁၈၈၁ ဧက စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**နန်းယွန်း ဇန်နဝါရီ ၂၄**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ နန်းယွန်း၊ ပန်ဆောင်နှင့် ဒုံဟီးမြို့နယ်များ၌ ဆီမုန်ညင်း ၁၈၈၁ ဧက စိုက်ပျိုးမှုမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း နန်းယွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးမြင့်ထံမှ သိရသည်။

မြို့နယ်အလိုက် ဆီမုန်ညင်း စိုက်ပျိုးမှုမှာ နန်းယွန်းမြို့နယ်တွင် ဧက ၈၁၀၊ ပန်ဆောင်မြို့နယ်တွင် ၅၉၂ ဧကနှင့် ဒုံဟီးမြို့နယ်တွင် ၄၇၉ ဧကဖြစ်ကာ ဆီမုန်ညင်းသည် အေးသောရာသီဥတုကို ကြိုက်နှစ်သက်သည့် သီးနှံဖြစ်သဖြင့် ဆောင်းရာသီ သီးနှံအဖြစ် စိုက်ပျိုးလေ့ရှိကြောင်း၊ အပင်ဖြစ်ထွန်းချိန်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်ခန့် ရွာပါက ပိုမိုဖြစ်ထွန်းနိုင်ကြောင်း၊ မြေအမျိုးအစားအနေဖြင့် ပွသောမြေ၊ သဲနုန်းမြေ၊ နုန်းမြေ၊ ကျောက်စရစ်မြေတို့တွင် ဖြစ်ထွန်းကာ မြေစေး၊ မြေကျစ်တို့ကို မကြိုက်ကြောင်း၊ စိုက်ပျိုးရာတွင် လယ်ခင်းယာခင်းများတွင် ကောက်ရိုးမီးရှို့ပြီးနောက် ထယ်တစ်စပ် ထွန်ယက်ပြီး စိုက်ပျိုးနိုင်ကြောင်း၊ မျိုးစေ့အနေဖြင့် အရောင်အဆင်းအလိုက် အဝါမျိုးနှင့် အနက်မျိုးဟူ၍ နှစ်မျိုးရှိပြီး ရာသီသီးနှံဖြစ်သဖြင့် မြေအမျိုးအစားနှင့် စိုက်ပျိုးချိန် ကွာခြားမှုအပေါ်မူတည်၍ တစ်ဧကလျှင် နှစ်ပြည်မှ လေးပြည်နှုန်းအထိ မိုးအကုန်ဆောင်းဦးပေါက် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလဝက်အထိ စိုက်ပျိုးနိုင်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးက ပြောသည်။



ဆီမုန်ညင်း အနက်မျိုးသည် သုံးလခန့်မှာ စတင်ရင့်မှည့်ပြီး အဝါမျိုးမှာ သုံးလမှ သုံးလခွဲခန့်တွင် ရင့်မှည့်လေ့ရှိကာ ရိတ်သိမ်းသည့်အခါ ဆီထွက် ကောင်းစေရန်အတွက် တစ်ပင်လုံးရှိ အစေ့များ ကောင်းစွာရင့်မှည့် ခြောက်သွေ့မှသာ ရိတ်သိမ်းရကြောင်း၊ ဆီမုန်ညင်းတစ်ဧကလျှင် ၁၅ တင်းမှ ၁၈ တင်းအထိ ထွက်ရှိနိုင်ကြောင်း၊ ဆီမုန်ညင်းစေ့တစ်တင်းကို ဆီကြိတ်ပါက စားဆီလေးပိဿာခွဲမှ ငါးပိဿာအထိ ထွက်ရှိပြီး ကြိတ်ဖတ် ၁၀ ပိဿာအထိ ထွက်ရှိကာ မုန်ညင်းစေ့ကြိတ်၍ ရရှိသောဆီကို စားသုံးဆီအဖြစ် အသုံးပြုနိုင်သလို ကြိတ်ဖတ်ကို မြေဩဇာအဖြစ် အသုံးပြုပါက မြေအချဉ်ဓာတ် မြင့်မားမှုကို မျှတစေ၍ မြေကို ပွစေကြောင်း မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှူးက ဆက်လက် ပြောကြားသည်။

**မွေးကြူဇင်**

## ခမောက်ကြီးမြို့ဝန်းကျင်၌ စမ်းသပ်စိုက်ပျိုးထားသည့် ကော်ဖီပင်များဖြစ်ထွန်းသော်လည်း အထွက်နှုန်းလျော့နည်း

**ခမောက်ကြီး ဇန်နဝါရီ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နှင့် ပတ်ဝန်းကျင်မှ ဥယျာဉ်ခြံ လုပ်ကိုင်နေသူအချို့နှင့် တောင်ယာလုပ်ကိုင်နေသူအချို့အနေဖြင့် ၂၀၁၅ ခုနှစ်မှစ၍ ကော်ဖီပင်များကို စမ်းသပ်စိုက်ပျိုးထားခဲ့ကြရာ ယခုနှစ်တွင် အပင်များ ဖြစ်ထွန်းအောင်မြင်နေသော်လည်း ယခင်နှစ်ထက် အသီးအထွက်နှုန်း အနည်းငယ်လျော့ကျနေကြောင်း သိရသည်။

ဥယျာဉ်ခြံ လုပ်ကိုင်နေသူများနှင့် တောင်ယာလုပ်ကိုင်နေသူများသည် ၎င်းတို့ပိုင် ဥယျာဉ်ခြံများအတွင်းရှိ တောင်ကုန်းများပေါ်တွင် ရော်ဘာ၊ ကွမ်း၊ ၎က်ပျော အစရှိသည့် အပင်များအကြား၌ ကော်ဖီပင်များကို စိုက်ပျိုးထားကြပြီး ကော်ဖီစိုက်ဝါသနာပါသူများအနေဖြင့် မိမိတို့ဒေသတွင် အောင်မြင်ဖြစ်ထွန်းမှု ရှိမရှိ စမ်းသပ်စိုက်ပျိုးကြခြင်းဖြစ်ကြောင်း အမှတ်(၄)ရပ်ကွက် ရှမ်း(၆)ရွာ နယ်စပ်ပတ်လမ်းရှိ ကော်ဖီစိုက်တောင်သူ ဦးခင်ဇော်ဝင်းက ပြောသည်။

ခမောက်ကြီးမြို့ (၃၅)မိုင် စက်မှု(၁)အနောက်ပိုင်းရှိ ဥယျာဉ်ခြံပိုင်ရှင် ဦးလွန်းခင်ကလည်း ၎င်း၏ ဥယျာဉ်ခြံအတွင်း၌ ရော်ဘာ၊ ကွမ်း၊ ဒူးရင်းနှင့် ၎က်ပျော အစရှိသည့် အပင်များနှင့်အတူ ကော်ဖီပင် ၂၀၀၀ ကို ၂၀၁၅ ခုနှစ်မှစ၍ စမ်းသပ်စိုက်ပျိုးထားခဲ့ရာ ၂၀၁၇ ခုနှစ်တွင် ၆၅ ကီလို၊ ၂၀၁၈ ခုနှစ်တွင် ၁၃၅ ကီလိုနှင့် ၂၀၁၉ ခုနှစ်တွင် ကီလို ၄၃၀ အထိ ထွက်ရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင်မူ နေပူပြင်း၍ အသီးအထွက် အားနည်းကြောင်း၊ ကော်ဖီကို ခမောက်ကြီးမြို့နယ်ဒေသအတွင်း ဈေးကွက်ဝယ်လိုအား နည်းနေသော်လည်း ရော်ဘာစိုက်ခြင်းထက် ငွေပေါ်မြန်ကြောင်း ပြောကြားသည်။

**နန့်လေးလေး(ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ၂၄-၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၅၅၆၆၇၈၉ | ၁၅၃၃၀၉၄၉ | ၄၂၇၆၃၅ |
| ၂။ | အိန္ဒိယ | ၁၀၆၅၅၄၃၅ | ၁၀၃၁၆၇၈၆ | ၁၅၃၃၇၆ |
| ၃။ | ဘရာဇီး | ၈၈၁၆၂၅၄ | ၇၆၂၈၄၃၈ | ၂၁၆၄၇၅ |
| ၄။ | ရုရှား | ၃၇၁၉၄၀၀ | ၃၁၃၁၇၆၀ | ၆၉၄၆၂ |
| ၅။ | ဗြိတိန် | ၃၆၁၇၄၅၉ | ၁၆၁၆၃၀၇ | ၉၇၃၂၉ |
| ၆။ | ပြင်သစ် | ၃၀၃၅၁၈၁ | ၂၁၆၇၂၅ | ၇၂၈၇၇ |
| ၇။ | စပိန် | ၂၆၀၃၄၇၂ | စိစစ်ဆဲ | ၅၅၄၄၁ |
| ၈။ | အီတလီ | ၂၄၅၅၁၈၅ | ၁၈၇၁၁၈၉ | ၈၅၁၆၂ |
| ၉။ | တူရကီ | ၂၄၂၄၃၂၈ | ၂၃၀၁၈၆၁ | ၂၄၉၃၃ |
| ၁၀။ | ဂျာမနီ | ၂၁၃၇၆၈၉ | ၁၈၀၇၅၀၀ | ၅၂၅၃၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၄- ၁ - ၂၀၂၁

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၉၈၉၂၆၂ | ၇၉၈၈၁၀ | ၂၇၈၃၅ |
| ဖိလစ်ပိုင် | ၅၁၃၆၁၉ | ၄၇၅၆၁၂ | ၁၀၂၄၂ |
| မလေးရှား | ၁၈၃၈၀၁ | ၁၄၁၄၄၆ | ၆၇၈ |
| မြန်မာ | ၁၃၇၅၇၄ | ၁၂၁၅၅၈ | ၃၀၆၂ |
| စင်ကာပူ | ၅၉၃၀၈ | ၅၉၀၁၅ | ၂၉ |
| ထိုင်း | ၁၃၅၀၀ | ၁၀၅၆၇ | ၇၃ |
| ဗီယက်နမ် | ၁၅၄၈ | ၁၄၁၁ | ၃၅ |
| ကမ္ဘောဒီးယား | ၄၅၈ | ၄၀၅ | ၀ |
| ဘရူနိုင်း | ၁၇၅ | ၁၆၉ | ၃ |
| လာအို | ၄၁ | ၄၁ | ၀ |

## သီပေါမြို့နယ်၌ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များကို ဂုဏ်ပြု

**သီပေါ ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီက ကြီးမှူး၍ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများတွင် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ခံယူပြီး ကူညီဆောင်ရွက်ခဲ့ကြသည့် လူမှုရေး အသင်းအဖွဲ့များ၊ အလှူရှင်များအား ဂုဏ်ပြုခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။



ရေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက ဂုဏ်ပြုပွဲကျင်းပရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကိုဗစ်-၁၉ ကာလတွင် ကိုယ်ကျိုးမဖက် လူမှုရေး အသိစိတ်ဓာတ်ဖြင့် ပါဝင်ကူညီဆောင်ရွက်ကြသည့် မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်စည်းမခြား ပရဟိတ၊ ကောင်းမှုရှင်၊ မြတ်မွန်စေတနာ၊ အကျိုးဆောင်လူငယ်၊ သီပေါလူငယ်၊ ပေါ်ကြို ပရဟိတအသင်းများနှင့် သောက်ရေသန့်များကို အကန့်အသတ်မရှိ လှူဒါန်းပေးကြသည့် ဒုဋ္ဌဝတီ၊ ရွှေသီပေါသောက်ရေသန့် မိသားစုများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ဂုဏ်ပြုမှတ်တမ်းများကို တစ်ဦးချင်းပေးအပ်သည်။ (ဝဲပုံ)

**စိုင်း(သီပေါ)**

### COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် ဇန်နဝါရီ ၂၄**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**




## မင်္ဂလာဒုံမြို့နယ်ရှိ စေတနာရှင်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူနိုင်ရန် ငွေကျပ် ၂၈ သိန်း စုပေါင်းလှူဒါန်း


**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန်အနောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရပ်ကွက်နေ စေတနာရှင်ပြည်သူများက စုပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဝယ်ယူနိုင်ရေးအတွက် စုပေါင်း ထည့်ဝင်ငွေကျပ် ၂၈ သိန်း လှူဒါန်းပွဲကို ထောက်ကြန့်သပြေညိုပညာဒါန အကျိုးဆောင်အသင်းခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ထိန်းချုပ်ရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲ၌ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ပဲခူးကားလမ်းရပ်ကွက်တွင် နေထိုင်ကြသော ဦးမောင်စန်းမိသားစုနှင့် ဒေါ်စန်းမိသားစုပေါင်း၍ ငွေကျပ် သိန်း ၂၀၊ ဦးဝင်းခိုင်-ဒေါ်ခက်ခက်လှိုင် (ကောင်းကောင်းမြန်မာထမင်းဆိုင်) မိသားစုက ငွေကျပ် ငါးသိန်း၊ ထောက်ကြန့် တိုးချဲ့ရပ်ကွက်နေ ဦးမျိုးသွင်- ဒေါ်ငွေးငွေးဝေ သားမောင်အောင်အောင်ဦး(ပျိုမေကြိုက်-ကွန်ပျူတာပန်းထိုးလုပ်ငန်း)မိသားစုက ငွေကျပ်သုံးသိန်း စုစုပေါင်းလှူဒါန်းငွေကျပ် ၂၈ သိန်းကို ထောက်ကြန့်သပြေညိုပညာဒါန အကျိုးဆောင်အသင်းဥက္ကဋ္ဌ ဦးတင်ညွန့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးခင်စိုး၊ အတွင်းရေးမှူး ဦးနေဆန်းတို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

"ကျွန်တော်တို့အနေနဲ့က မြန်မာနိုင်ငံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဝယ်ယူရန်အတွက် တစ်ဆင့် လက်ခံပေးတာပါ။ ကျွန်တော်တို့ ဒီနေ့ လက်ခံရရှိတဲ့ အလှူငွေက ကိုဗစ်-၁၉ ကော်မတီကို သွားရောက်ပို့ဆောင်ပြီး အပ်နှံပေးရမှာပါ" ဟု သပြေညိုပညာဒါန အကျိုးဆောင်အသင်းဥက္ကဋ္ဌ ဦးတင်ညွန့်က ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။

# ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိုက်ပျိုးရေးအသိအမြင်

ဒေါက်တာအိဖြူဝင်း(ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)

ယနေ့ကာလတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်း၊ မြေပြိုခြင်း၊ အပူချိန်နှင့် မိုးရွာသွန်းမှုများ နေရာ/ အချိန်အလိုက်ပြောင်းလဲ ဖြစ်ပေါ်ခြင်းနှင့် မမျှော်မှန်းနိုင်သော ရာသီဥတုဖြစ်ပျက်ပြောင်းလဲမှုများကို ကြုံတွေ့နေရသည်။ မမျှော်မှန်းနိုင်သော ရာသီဥတုပြောင်းလဲမှုတွင် သဘာဝရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ဖြစ်သော အယ်နီညိုတွေ့ရှိမှုကို ဆိုလိုသည်။ စိုက်ပျိုးရေးအပေါ် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို ကမ္ဘာအနှံ့ကျယ်ကျယ်ပြန့်ပြန့် တွေ့ရသည်။ အာဖရိကဒေသများတွင် ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးရေးထိခိုက်မှုမှာ ဖွံ့ဖြိုးပြီး တိုင်းပြည်များထက် ပိုမိုဆိုးရွားသည်။ ၂၀၀၃ ခုနှစ်တွင် သုတေသနပညာရှင် မက်သယူးနှင့် ဝက်စမန်တို့က သီးနှံကြီးထွားမှု၊ ဖွံ့ဖြိုးမှုနှင့်အထွက်နှုန်းတို့အပေါ် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများကို သုတေသနပြု ဖော်ထုတ်ခဲ့ကြသည်။


ရာသီဥတုပြောင်းလဲခြင်းသည် သဘာဝဖြစ်စဉ်များနှင့် လူတို့ဖန်တီးသော ဖြစ်စဉ်များကြောင့် ဖြစ်ပေါ်ပြောင်းလဲခြင်းဖြစ်သည်။ သဘာဝဖြစ်စဉ်များတွင် နေရောင်ခြည်စနစ်ပြောင်းလဲခြင်း၊ မီးတောင်များပေါက်ကွဲခြင်းများ ပါဝင်ပြီး လူတို့ဖန်တီးသောဖြစ်စဉ်ကြောင့် ပြောင်းလဲမှုများတွင် လူတို့ကြောင့် ဖြစ်ပေါ်လာသော ဓာတ်ငွေ့များလေထုအတွင်း တိုးမြှင့်ဖြစ်ပေါ်စေခြင်းနှင့် မြေအသုံးချမှုစနစ်များ ပြောင်းလဲခြင်းတို့ ပါဝင်သည်။ လူတို့၏ လုပ်ဆောင်မှုများကြောင့် ရာသီဥတုပြောင်းလဲဖြစ်ပေါ်ခြင်းသည် ဤရာစုနှစ် အလွန်အထိ ဆက်လက်ဖြစ်ပေါ်နေမည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းကြသည်။ မြန်မာနိုင်ငံသည် ရာသီဥတု ပြောင်းလဲမှုနှင့် ဆိုးရွားသော ရာသီဥတုဖြစ်စဉ်များကို ကြုံတွေ့နေရသည်။ ၂၀၁၈ ကမ္ဘာ့ရာသီဥတုစွန့်စားမှု ညွှန်းကိန်းအရ မြန်မာနိုင်ငံသည် ၁၉၉၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ရာသီဥတုပြောင်းလဲမှုအဆိုးရွားဆုံးခံရသောနိုင်ငံ သုံးနိုင်ငံထဲတွင် ပါဝင်ပြီး ယင်းနိုင်ငံများမှာ ပေါ်တိုရီကို၊ မြန်မာနှင့် ဟေတီနိုင်ငံတို့ ဖြစ်သည်။

## ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ဖန်လုံအိမ်အာနိသင်

ကမ္ဘာကြီးပူနွေးလာခြင်းသည် ဖန်လုံအိမ်အာနိသင်နှင့် ဆက်စပ်ပြီး လေထုထဲတွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့တိုးမြင့်မှုနှင့် တိုက်ရိုက်ဆက်နွယ်နေသည်။

ဖန်လုံအိမ်အာနိသင်ဆိုသည်မှာ လေထုထဲတွင် အနီအောက်ရောင်ခြည်ကို စုပ်ယူသော ဓာတ်ငွေ့များ၏ အနီအောက်ရောင်ခြည်ဓာတ်သတ္တုရောက်မှုကို ဆိုလိုသည်။ တစ်နည်းအားဖြင့် ဖန်လုံအိမ်အကျိုးသက်ရောက်မှုဆိုသည်မှာ နေမှ ကျရောက်လာသော အပူစွမ်းအင်ရှိ အလင်းတန်းများ (လှိုင်းအလျားတို)သည် ကမ္ဘာမြေမျက်နှာပြင်သို့ ကျရောက်၍ reflection သဘောဖြင့်ပြန်ပြီး မြေမျက်နှာပြင်မှ အလင်းတန်းများ (လှိုင်းအလျား ရှည်-အနီအောက် ရောင်ခြည်)ထုတ်လွှတ်ရာတွင် ၎င်းအလင်းတန်းများကို လေထုအတွင်းရှိ ဓာတ်ငွေ့များက စုပ်ယူကာ မြေမျက်နှာပြင်သို့ တစ်ဖန်ပြန်လည် ထုတ်လွှတ်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းအပူစွမ်းအင်များသည် အာကာသထဲသို့ ထွက်မသွားဘဲ ကမ္ဘာမြေမျက်နှာပြင်ပေါ်တွင် ဖန်လုံအိမ်ဓာတ်သဖွယ်ဆက်လက်တည်ရှိနေခြင်းကြောင့် ဖန်လုံအိမ်အာနိသင်ဟု ဆိုလိုခြင်းဖြစ်သည်။

အနီအောက်ရောင်ခြည်ကို စုပ်ယူသော ဓာတ်ငွေ့များကို ဖန်လုံအိမ်ဓာတ်ငွေ့များဟု ခေါ်ဆို၍ ၎င်းဓာတ်ငွေ့များတွင် အဓိကအားဖြင့် ရေငွေ့၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ နိုက်ထရပ်အောက်ဆိုဒ်၊ မီသိန်းနှင့် အိုဇုန်းတို့ ပါဝင်သည်။ အမှန်တွင် ဤဖန်လုံအိမ်ဓာတ်ငွေ့သည် ကမ္ဘာမြေကြီးအပေါ်၌ သက်ရှိသတ္တဝါတို့ နေထိုင်နိုင်သော အနေအထားအပူချိန်တစ်ခုကို ဖန်တီးပေးသည်။ ၎င်းတို့ မရှိလျှင် ကမ္ဘာမြေကြီး၏အပူချိန်သည် သက်ရှိသတ္တဝါများ နေထိုင်၍ မရလောက်အောင် အေးနေမည်ဖြစ်သည်။ နေမှဖြာထွက်လာသည့် လင်းရောင်ခြည်များသည် ကမ္ဘာမြေမျက်နှာပြင်ကိုရိုက်ခတ်ပြီး ပဲ့တင်ပြန်လာသော အနီအောက်ရောင်ခြည်ကို ၎င်းဓာတ်ငွေ့များက စုပ်ယူ၍ ကမ္ဘာမြေကြီးသို့ ဖြန့်ကြက်ပေးခြင်းဖြင့် ပူနွေးသော အပူချိန်ကို ထိန်းထားပေးသည်။ သို့သော် ၎င်းဓာတ်ငွေ့ပမာဏ များပြားလာသောအခါ အပူချိန်လွန်ကဲမှုများ




ကမ္ဘာမြေပေါ်သို့ နေရောင်ခြည်အလင်းတန်းများ ဖြန့်ကြက်ကျရောက်ပုံ။

**“ ဖန်လုံအိမ်ဓာတ်ငွေ့ကို လျှော့ချသောနည်းလမ်းများတွင် လေထုထဲရှိ ဖန်လုံအိမ်ဓာတ်ငွေ့ကို ဖြစ်ပေါ်စေသော အရင်းအမြစ်ကို လျှော့နည်းစေခြင်းနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ကို ရယူထိန်းသိမ်းထားနိုင်သော လက်ခံရာများ ပွားများတိုးတက်အောင် ဆောင်ရွက်ခြင်းတို့ ပါဝင်”**

ဖြစ်ပေါ်၍ ကမ္ဘာကြီးပူနွေးလာရခြင်းဖြစ်သည်။

ကာဗွန်ဒိုင်အောက်ဆိုဒ်သည် လူသိအများဆုံး ဖန်လုံအိမ်အာနိသင်ရှိဓာတ်ငွေ့ဖြစ်သည်။ လေထုထဲတွင် အတွေ့ရအများဆုံးသော ဓာတ်ငွေ့ဖြစ်ပြီး လူများ၏ လုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်သော ဖန်လုံအိမ်ဓာတ်ငွေ့ ထွက်ပေါ်မှု၏ ၈၀ ရာခိုင်နှုန်းခန့်ရှိသည်။ အဓိကအားဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို သဘာဝကျောက်မီးသွေး၊ ဓာတ်ငွေ့နှင့် တွင်းထွက်ဆီများ လောင်ကျွမ်းခြင်း၊ သက်ရှိနှင့် ပင်ကြွင်းပင်ကျန်များ လောင်ကျွမ်းခြင်းနှင့် စက်ရုံများမှ ဓာတုဓာတ်ပြုမှုများကြောင့် တွေ့ရှိရသည်။ စိုက်ပျိုးမြေမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု သည် စုစုပေါင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၂၀ ရာခိုင်နှုန်းရှိပြီး အဓိကအားဖြင့် အပင်အကြွင်းအကျန်များမီးရှို့ခြင်း၊ ဓာတ်မြေဩဇာများ အသုံးပြုခြင်း၊ မြေကြီးထွန်ယက်စိုက်ပျိုးခြင်းနှင့် အပင်အသက်ရှူသည့်ဖြစ်စဉ်များမှ ထွက်ရှိသည်။

မီသိန်းကို သဘာဝကျောက်မီးသွေး၊ ဓာတ်ငွေ့နှင့် တွင်းထွက်ဆီများ ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စားမြုံ့ပြန် တိရစ္ဆာန်များ၏ အစာချေဖျက်မှုမှ ဖြစ်ပေါ်ခြင်းနှင့် စိုက်ပျိုးရေးလုပ်ကိုင်သည့် နည်းစနစ်များကြောင့် သဘာဝစွန့်ပစ်ပစ္စည်းများ ဆွေးမြည့်ခြင်းမှ တွေ့ရှိရသည်။ နိုက်ထရပ်အောက်ဆိုဒ်မှာ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ဆောင်ချက်များ၊ သဘာဝလောင်စာများ လောင်ကျွမ်းခြင်း၊ စွန့်ပစ်ရေစီမံခန့်ခွဲသည့် နည်းစနစ်များမှ ထွက်ရှိသည်။

ဖန်လုံအိမ်ဓာတ်ငွေ့ကို လျှော့ချသော နည်းလမ်းများတွင် လေထုထဲရှိ ဖန်လုံအိမ်ဓာတ်ငွေ့ကို ဖြစ်ပေါ်စေသော အရင်းအမြစ်ကို လျှော့နည်းစေခြင်းနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ကို ရယူထိန်းသိမ်းထားနိုင်သော လက်ခံရာများ ပွားများတိုးတက်အောင် ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ သို့သော် လျှော့ချသောနည်းများ ဆောင်ရွက်ရာတွင် ၎င်းနှင့် ပူးတွဲ၍ လူမှုဆိုင်ရာချိန်ကိုက်ခြင်းနှင့် သာလွန်ကဲခြင်းများကို ဖြစ်ပေါ်စေသောကြောင့် ကျယ်ပြန့်သော အစိုးရမူဝါဒကို ချမှတ်ကာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအပေါ် အခြေခံ၍ လုပ်ကိုင်ဆောင်ရွက်ပေးရန် လိုအပ်သည်။

## ဖန်လုံအိမ်အာနိသင်လျှော့ချနိုင်ရေး

ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချသော နည်းလမ်းများတွင် နည်းပညာ လိုအပ်ချက်သာမက လူမှုရေးဆိုင်ရာ အလေ့အထနှင့် ဌာနဆိုင်ရာ ပြောင်းလဲမှုများကို လုပ်ဆောင်ပေးရန် လိုအပ်သည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့အစည်းက စိုက်ပျိုးရေးကဏ္ဍ၊ သစ်တောနှင့် မြေအသုံးချမှုကဏ္ဍများမှ ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ထွက်ရှိမှုကို အချက်အလက်များ ကောက်ယူ၍ နောင်ကြုံတွေ့ရဖွယ်ရှိသော ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို လျှော့နည်းအောင် နည်းလမ်းများ ရှာဖွေဖော်ထုတ် ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံအတွက် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထွက်ရှိမှု အချက်အလက်များကို ရှာဖွေဖော်ထုတ် သုတေသနပြု ဆောင်ရွက်လျက်ရှိကာ ၎င်းအချက်အလက်များကို အခြေခံ၍ ဖန်လုံအိမ်ဓာတ်ငွေ့ လျှော့ချနိုင်သော နည်းလမ်းများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်သွားရမည် ဖြစ်သည်။ သို့သော် ထိုသို့ လုပ်ဆောင်ရာတွင် နိုင်ငံတော်၏ မူဝါဒတစ်ခုအနေဖြင့် ချမှတ်၍ဆောင်ရွက်မှသာ တိုးတက်ကောင်းမွန်သော နည်းလမ်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဆောင် ရွက်သည့်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ၂၀၁၅ ခုနှစ်တွင် ရာသီဥတုလိုက်လျောညီထွေဖြစ်သော စိုက်ပျိုးရေး(Climate Smart Agriculture– CSA)အဖွဲ့ကို ဖွဲ့စည်းထူထောင်ခဲ့သည်။ CSA သည် လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံတော်၏မူဝါဒနှင့် လိုက်လျောညီထွေရှိသော ပတ်ဝန်းကျင်နှင့် စီးပွားရေးဆိုင်ရာ နည်းဗျူဟာများကိုချမှတ်၍ ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေရှိပြီး ဖန်လုံအိမ်ဓာတ်ငွေ့ လျှော့ချသော နည်းလမ်းများဖြင့် အစာအာဟာရ လုံလောက်မှုပေးစွမ်းနိုင်သော ရေရှည်စိုက်ပျိုးထုတ်လုပ်မှုကို အားပေးတည်ထောင်ရန် ဖြစ်သည်။ စိုက်ပျိုးရေးရှုထောင့်မှ ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချသော နည်းလမ်းများကို ဆောင်ရွက်ရာတွင် လက်ရှိစပါးစိုက်ပျိုးထုတ်လုပ်မှုမှထွက်ပေါ်သော ဖန်လုံအိမ်ဓာတ်ငွေ့ကို တိုင်းတာသော နည်းလမ်းများနှင့် ဓာတ်ငွေ့ထွက်မှုကို လျှော့ချသော နည်းလမ်းများကို သုတေသနပြုလျက်ရှိသည်။

စပါးစိုက်ပျိုးထုတ်လုပ်ခြင်းမှ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ မီသိန်းနှင့် နိုက်ထရပ်အောက်ဆိုဒ်ဓာတ်ငွေ့တို့ ထွက်ရှိကြောင်း နိုင်ငံအများစု၌ ဆောင်ရွက်ခဲ့သော သုတေသနများက ဖော်ပြထားသည်။ ရေအဆက်မပြတ် ပေးသွင်းထားသော စပါးခင်းထဲမှ မီသိန်းဓာတ်ငွေ့ကို ဖြစ်ပေါ်စေသော ဗက်တီးရီးယားက ၎င်း၏ အစာသဘာဝမြေဩဇာတို့ကို စားသောက်၍ မီသိန်းဓာတ်ငွေ့ကို ထုတ်လုပ်ခြင်း ဖြစ်သည်။ စပါးစိုက်ပျိုးသောမြေများ၌ နိုက်ထရိုဂျင်မြေဩဇာ ထည့်သွင်းပြီး စိုတစ်လှည့်/ ခြောက်တစ်လှည့် ရေသွင်းရေထုတ်စနစ်ကျင့်သုံးပါက နိုက်ထရပ်အောက်ဆိုဒ် ထွက်ပေါ်သည်။ စပါးစိုက်ပျိုးထုတ်လုပ်ခြင်းမှ ကာဗွန်ဒိုင်အောက်ဆိုဒ် အဓိကထွက်ပေါ်သော နည်းလမ်းများမှာ မြေကြီးကို ထွန်ယက်စိုက်ပျိုးခြင်း၊ ပင်ကြွင်းပင်ကျန်များကို မီးရှို့ခြင်း၊ လောင်စာဆီသုံးစွဲရသော စက်ပစ္စည်းကိရိယာများအသုံးပြုခြင်း၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို သုံးစွဲခြင်းတို့ ဖြစ်သည်။

